မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၆၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၄)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ
နယ်သာလန်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ ဂျာ့ကိုသီယိုဗန်ဒန်ဟော့တ်သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၄င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(အပေါ်ယာပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံ သံအမတ်ကြီး မစ္စတာရူဒီ၊ ဗက်စထေးတန်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ
ဘယ်လ်ဂျီယံနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာရူဒီ၊ ဗက်စထေးတန်သည် ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၄င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂ ရက်)

အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲရေး ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာတည်သရွေ့ အရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးသည် အဓိကကျအရေးပါလျက်ရှိပေသည်။

မျက်မှောက်ကာလ၌ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်ကို အခြေခံသော နိုင်ငံရေးဦးတည်ချက်များ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများကို အခြေခံသော စီးပွားရေးဦးတည်ချက်များ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ညီညွတ်သော လူ့ဘောင်အဖွဲ့အစည်းနှင့် နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်မှုကို အခြေခံသော လူမှုရေးဦးတည်ချက်များကို ချမှတ်ပြီး နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဘက်ပေါင်းစုံက တည်ဆောက်ဖော်ဆောင်ပေးလျက်ရှိသည်။

လူငယ် လူရွယ်များအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးသည် နိုင်ငံတော်၏ ကောင်းကျိုးအတွက် မိမိတို့တတ်စွမ်းသည့် ကဏ္ဍက စွမ်းဆောင်ပေးလိုသော စိတ်ဓာတ်အပြည့်အဝ ခိုင်မာနေရန် အရေးကြီးပြီး ယင်းကဲ့သို့ ယုံကြည်ချက်၊ ခံယူချက် ပြည့်ဝခိုင်မာမှသာ အခြေအနေ အချိန်အခါမရွေး နိုင်ငံတော်အကျိုးကို ရပ်တည်ချက် မှန်ကန်စွာဖြင့် စွမ်းဆောင်ပေးနိုင်ကြမည်ဖြစ်သည်။

နိုင်ငံတော် အစိုးရသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မြဲရေး၊ ပြည်ထောင်စု အဓွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုသည့် အခြေခံအကြောင်းတရားပေါ်တွင် အခိုင်အမာတည်ဆောက်ထားသော ဘက်စုံ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရန်နှင့် နိုင်ငံတော်၏အနာဂတ် ရေရှည်တည်တံ့ခိုင်မြဲစေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အဆင့်ဆင့် အကောင်အထည်ဖော်လျက်ရှိသည်။

ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးနှင့်သာယာဝပြောရေးကိုဦးတည်ပြီး တစ်မျိုးသားလုံး မျှော်မှန်းတောင့်တနေကြသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် ဖော်ဆောင်လျက်ရှိသည့် မူဝါဒလမ်းစဉ်အဆင့်ဆင့် ညင်သာချောမွေ့စွာ တက်လှမ်းနိုင်စေရန် တိုင်းရင်းသားပြည်သူများက ကျရာအခန်းကဏ္ဍမှ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့မှသာ ယနေ့ကာလတွင် အရေးပါဆုံး လိုအပ်ချက်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၏ အနှစ်သာရနှင့်အားမာန်၊ နိုင်ငံတော် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၏ အမျိုးသားရေး အဓိပ္ပာယ်များကို တိုင်းရင်းသားပြည်သူများက စစ်မှန်စွာ သိမြင်ခံစားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော် မြန်မာ့အသံ

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)
(၃-၁၂-၂၀၀၉)

- ၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇:၀၅ တရားတော် **(ဓမ္မသုတ်)** ဓမ္မပူဇာတေးပဒေသာ
- ၇:၃၀ (၃၈)ဖြာမင်္ဂလာ
- ၇:၃၅ နံနက်ခင်းတေးပဒေသာ
- ၈:၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
- ၈:၁၀ နံနက်ခင်းတေးပဒေသာ
- ၈:၃၀ လောကနီတိအသိရှိစေဖို့ (လေးပါးလေးဖြာမှတ်စရာ)
- ၈:၃၅ တေးပဒေသာ
- ၉:၀၀ အစီအစဉ်ပြီး၏။
- ၁၀:၀၀ မင်္ဂလာလက်ဆောင်
- ၁၀:၃၀ သတင်းစာအာဘော်
- ၁၀:၃၅ တေးပဒေသာ
- ၁၁:၀၀ နေ့လယ်ခင်းသတင်း
- ၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁:၂၅ ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (ဆုဇီ)
- ၁၁:၄၅ သိပ္ပံပညာသိကောင်းစရာ (အဏ္ဏဝါသိပ္ပံလေ့လာရေး)
- ၁၁:၅၅ တေးသီချင်း
- ၁၂:၀၀ စံတော်ချိန် တေးပဒေသာ
- ၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (ခေတ်အမြင် ခေတ်အတွေးရှိသည့် စာဆိုရှင်-တက္ကသိုလ်သခ်)
- ၁၂:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- ၁၃:၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃:၁၀ တေးပဒေသာ
- ၁၃:၃၀ အစီအစဉ်ပြီး၏။
- ၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၂၀ ဆောင်းပါး
- ၁၆:၃၀ အမှတ်တရတေးလက်ဆောင်
- ၁၇:၀၀ ဘဝတစ်ကွေ့ အတွေ့အကြုံ (မတွန့်မဆုတ် အလုပ်လုပ်)
- ၁၇:၁၀ တေးပဒေသာ
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၀ သီချင်းပဒေသာ
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၁၀ ညနေခင်းတေးပဒေသာ
- ၁၈:၂၅ ကျေးလက်ဇာတ်လမ်း (ရွှေရီသဲတဲ့ဖရဲ)
- ၁၈:၄၀ တေးပဒေသာ
- ၁၉:၀၀ နိုင်ငံတကာသတင်း
- ၁၉:၀၅ ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
- ၁၉:၃၀ သုတစုံကြွယ်သိစေဖွယ် (ဘဝအားမာန်)
- ၁၉:၄၀ ရေဒီယိုအတိုတိုတေးအရိပ်
- ၂၀:၀၀ ပြည်တွင်းသတင်း
- ၂၀:၂၀ ချမ်းမြေ့သာယာ သီရိဂေဟာ (မင်္ဂလာဦးသူတို့အတွက်)
- ၂၀:၅၀ သူ့လက်သံ ဦးခင်မြင့်ရဲ့စောင်းလက်သံ
- ၂၁:၀၀ စီးပွားရေးဦးတည်ချက် ဆောင်းပါး (ဆရာကောင်းတပည့်များ ပန်းကောင်းပန်ပါရစေ) ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
- ၂၁:၂၀ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၂၂:၀၀ အစီအစဉ်ပြီး၏။

အသိပညာပေး

မူးယစ်ဆေးဝါး...

မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ငါးဇင်ရပ်ကွက် အမက (၁၈)တွင် နိုဝင်ဘာ၂၈ရက်က ကျင်းပရာ ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြတ်လင်း ဟောပြောစဉ်။

(မြန်မာနိုင်ငံရဲတပ်ဖွဲ့)

သဃ်န်းကျွန်းမြို့နယ် ရွှေအင်ကြင်းရိပ်မွန် အမှတ်(J-1) နေ ရပ်ရှင်သရုပ်ဆောင် အိဖြိုးချယ်ရီ၏ (၂၄)နှစ်မြောက်မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း အုပ်ချုပ်ရေးမှူးဦးပြုံးနှင့် လက်ထောက် အုပ်ချုပ်ရေးမှူး ဦးသီဟဇော်တို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ပထမအကြိမ် ပန်းမန်ပြပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဒီဇင်ဘာ ၁၅ရက် နံနက် ၁၁နာရီတွင်လည်းကောင်း၊ ပထမအကြိမ် ပန်းမန်ပြပွဲ ပြိုင်ပွဲကို ရန်ကုန်မြို့တွင် ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလအတွင်း၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

နှိုးဆော်

နှစ်ပတ်လည်အစည်းအဝေးသို့ နိုင်ငံတစ်ဝန်းမှ အသင်းဝင်များ တက်ရောက်ကြရန် မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

(ပန်းဝါသနာရှင်အသင်း)

မြဝတီရုပ်မြင်သံကြား

၂-၁၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မေးမြန်းစူးစမ်း
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၂၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅:၃၀ ၉။ ကျန်းမာသုတ
- ၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ Mail Box
- ၆:၃၅ ၁၄။ ကာတွန်းအစီအစဉ် **မော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၂၇)
- ၆:၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှုခင်းရဲ** (အပိုင်း-၁၅)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်
- ၂၂။ ရယ်ရွှင်စရာ ဟာသပဒေသာ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန်** (တတိယတွဲ) (အပိုင်း-၃၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၁၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **သောကငြိမ်းကြပါစေ** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၁၄)
- ၈:၃၀ Sports World (Air Race Porto) (Part-1)
- ၈:၅၅ နှလုံးသားဖြင့်မြင်နိုင်စွမ်းသူတို့၏ ပညာရေးစွမ်းရည်ပြပွဲ
- ၉:၁၀ ဒသမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံ
- ၉:၂၅ အားကစားမြင်ကွင်းစုံ
- ၁၀:၀၀ မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
- ၁၀:၁၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ကော်ကြော်အော်ကွေ့ကြည်ပြုလုပ်နည်း)
- ၁၀:၄၀ Industrial Talk
- ၁၁:၁၅ Milestones Of Contemporary Music Selection
- ၁၁:၃၅ သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
- ၁၁:၄၀ သပ်ရပ်လှပအကွက်ဆင် ပန်းတနော်သင်
- ၁၁:၄၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Estilo Fancy Shop)
- ၁၂:၀၀ တေးဂီတအစီအစဉ်
- ၁၂:၁၅ ဗီဒီယိုပြခန်း
- ၁၂:၃၀ **အမှန်ထင်နေသောအမှား** ခန့်စည်သူ၊အေးမြတ်သူ၊ငှက်ပျောကြော် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၁၂:၄၀ Activities in the City (KSS နတ်သုဒ္ဓါဒံပေါက်၏ ကံထူးရှင်ရွေးချယ်ပွဲအခမ်းအနား)
- ၁:၀၀ **သောကငြိမ်းကြပါစေ** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း ယောက်ျားလေးဖြစ်တာကောင်းတယ် မိန်းကလေးဖြစ်တာကောင်းတယ်
- ၃:၃၀ တနင်္ဂနွေမိုးရေစက်များ
- ၃:၄၅ ဒသမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံ
- ၄:၀၅ MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးပန်းနာရင်ကျပ်ရောဂါ)
- ၄:၃၅ Activities in the City (KSS နတ်သုဒ္ဓါဒံပေါက်၏ ကံထူးရှင် ရွေးချယ်ပွဲအခမ်းအနား)
- ၄:၅၀ နှလုံးသားဖြင့်မြင်နိုင်စွမ်းသူတို့၏ ပညာရေးစွမ်းရည်ပြပွဲ
- ၅:၁၅ မျှော်လင့်ခြင်း၏အလင်းရောင်သစ်
- ၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဓာတ်ပုံထဲမှအမှတ်တရများ (ချစ်စနိုးဦး၏ဓာတ်ပုံထဲမှအမှတ်တရများ)
- ၆:၄၅ ဗီဒီယိုပြခန်း
- ၇:၀၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ကော်ကြော်အော်ကွေ့ကြည်ပြုလုပ်နည်း)
- ၇:၃၀ Milestones Of Contemporary Music Selection
- ၇:၅၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ဖိုးစိန်လမ်း)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း ယောက်ျားလေးဖြစ်တာကောင်းတယ် မိန်းကလေးဖြစ်တာကောင်းတယ်
- ၉:၁၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Estilo Fancy Shop)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ**(အပိုင်း-၁၄)
- ၁၀:၀၀ MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးပန်းနာရင်ကျပ်ရောဂါ)
- ၁၀:၃၀ သီချင်းကောင်းကောင်းသီချင်းတောင်း
- ၁၀:၅၅ Industrial Talk
- ၁၁:၂၅ စက္ကူရွက်ဝေ ရှမ်းထီးသက်သေ
- ၁၁:၄၀ ဆွာချောင်းရေလှောင်တမံ
- ၁၁:၄၅ အဖိုးတန်သော သဘာဝသယံဇာတမြေဟူးကောင်း
- ၁၂:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျာ့ကိုသီယိုဗန်ဒန်ဟော့တ်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံ သံအမတ်ကြီး အဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာရူဒီ၊ ဗက်စထေးတန် နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

✳ *ရှေ့ဖုံးမှ*

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ခရစ်စတော့ဖ်ဘာဂ်နာအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

2-12 (03).pmd 1 12/2/2009, 1:03 PM

နျူကလီးယားစက်ရုံ အလုပ်သမားများ နာမကျန်းဖြစ်

နယူးဒေလီ ဒီဇင်ဘာ ၁

အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ နျူကလီးယားစက်ရုံတစ်ရုံမှ ဝန်ထမ်းများသည် ယင်းတို့ သောက်သုံးရေတွင် ညစ်ညမ်းပြီး အဆိပ်ဖြစ်စေသော ရေဒီယိုသတ္တိကြွ ရေစေးများ ရောနှောနေသဖြင့် နာမကျန်းဖြစ်ပြီး ဖျားနာနေကြရကြောင်း သတင်းရရှိသည်။

အကြံပေး

အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတကာပြည်နယ် ကိုက်ဂါနျူကလီးယားစက်ရုံတွင် အရေအတွက် အတိအကျမသိရသော အလုပ်သမားများ နိုဝင်ဘာ ၂၅ရက်မှစ၍ နာမကျန်းဖြစ်ကြရသဖြင့် ဆရာဝန်နှင့် ပြသရန် အကြံပေးထားရကြောင်းလည်း သိရသည်။

ယိုစိမ့်

ထိုဖြစ်ရပ်သည် မတော်တဆ နျူကလီးယားယိုစိမ့်မှုကြောင့်ထက် အဖျက်လုပ်ရပ်ကြောင့် ပေါ်ပေါက်ရသော ဖြစ်ရပ်ဖြစ်မည်ဟု စက်ရုံညွှန်ကြားရေးမှူးက ပြောကြားသည်။

မထိခိုက်

သို့ရာတွင် ယင်းဖြစ်ရပ်ကြောင့် ပြည်သူများကို မထိခိုက်သည့်အပြင် ပတ်ဝန်းကျင်ကိုလည်း မထိခိုက်ကြောင်း စက်ရုံအရာရှိများက ပြောကြားသည်။

(အင်တာနက်)

တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ်၌ ကလေးငယ်များအတွက် ဖွင့်လှစ်ထားသည့် အနုပညာကျောင်း၌ ကလေးငယ်များ စက္ကူရုပ်ပြုလုပ်လျက်ရှိသည်ကို နိုဝင်ဘာ ၃၀ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အီရန်ကို အင်အားကြီးနိုင်ငံများ အကျပ်မကိုင်ရန် ပါလီမန်ဥက္ကဋ္ဌ လာရီဂျာနီသတိပေးပြောကြား

တီဟီရန် ဒီဇင်ဘာ ၁

အီရန်အစိုးရအား နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)နှင့် ပူးပေါင်းဆောင်ရွက်မှုအရှိန် လျှော့နည်းသွားအောင် ကမ္ဘာ့အင်အားကြီးနိုင်ငံများက အကျပ်မကိုင်ရန် အီရန်ပါလီမန်ဥက္ကဋ္ဌ အလီလာရီဂျာနီက သတိပေးလိုက်သည်။

ချမှတ်

အင်အားကြီးနိုင်ငံများက ဆုပေးဒဏ်ပေးစနစ်ကို ဆက်လက်ကျင့်သုံးလျှင် အီရန်နိုင်ငံက အိုင်အေအီးအေနှင့် အပြန်အလှန်အကျိုးပြုမှုတွင် အစီအစဉ်သစ်များ ချမှတ်သွားမည်ဖြစ်ကြောင်း လာရီဂျာနီက အီရန်ပါလီမန်၌ နိုဝင်ဘာ ၂၉ရက်က မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားလိုက်သည်။

တောင်းဆို

တီဟီရန်မြို့အနောက်တောင်ဘက်၌ တည်ရှိသည့် ဖော်ဒိုယူရေနီယံသန့်စင်စက်ရုံ တည်ဆောက်မှုကို ရပ်ဆိုင်းရန် တောင်းဆိုသည့် ဆုံးဖြတ်ချက်ကို အိုင်အေအီးအေက ချမှတ်ပြီးနောက် နှစ်ရက်အကြာတွင် အီရန်ပါလီမန်ဥက္ကဋ္ဌ လာရီဂျာနီက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

(အင်တာနက်)

တောင်ကိုရီးယား ပြည်ပပို့ကုန်မြင့်တက်လာ

ဆိုးလ် ဒီဇင်ဘာ ၁

တောင်ကိုရီးယားပြည်ပပို့ကုန်ပမာဏသည် ၂၀၀၉ခုနှစ် ပထမကိုးလအတွင်း ၂၁၁သမ၂ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု တောင်ကိုရီးယားကုမ္ပဏီများ၏ စာရင်းဇယား များ၌ ဖော်ပြထားသည်။

မြင့်တက်

ယင်းသို့မြင့်တက်လာရခြင်းမှာ အီလက်ထရွန်နစ်ပစ္စည်း အရောင်းသွက်လာခြင်းကြောင့်ဖြစ်သည်ဟု စတော့ရှယ်ယာအရောင်းဌာနမှ ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

ပြောကြား

ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပြည်ပပို့ကုန်လုပ်ငန်းသည် စက်တင်ဘာလကုန်ပိုင်း၌ ရောင်းချမှုအားလုံး၏ ၆၁ဒသမ၇ ရာခိုင်နှုန်းအထိ ရောက်ရှိလာကြောင်း ကိုရီးယား ကုန်သွယ်ရေးဌာန(ကေအာရ်အိပ်ချ်)က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့ အရှေ့ပိုင်း၌ ဘတ်စ်ကားတစ်စီး မီးလောင်ကျွမ်းပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ ၃၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ရုရှားနှင့်အီရန် စွမ်းအင်ဆိုင်ရာ အစည်းအဝေး တီဟီရန်မြို့တွင် စတင်ကျင်းပ

တီဟီရန် ဒီဇင်ဘာ ၁

အီရန်နှင့်ရုရှားတို့သည် နှစ်နိုင်ငံစွမ်းအင်ကော်မရှင်ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာ ၂၉ရက်က စတင်ကျင်းပနေပြီဖြစ်သည်။ ပူးတွဲရေနံကုမ္ပဏီ တည်ထောင်ရေးကိစ္စနှင့် ဓာတ်ငွေ့လဲလှယ်ရေး စာချုပ်ချုပ်ဆိုရေးကိစ္စတို့သည် ယင်းထိပ်သီးအစည်းအဝေးတွင် အဓိကထား ဆွေးနွေးကြမည့် ကိစ္စရပ်များဖြစ်သည်ဟု သိရသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးကို နှစ်ရက်တာ ကျင်းပမည်ဖြစ်ကြောင်း၊ ရုရှားစွမ်းအင်ဝန်ကြီး ဆာဂေးရှမတ်ကိုသည် အဆိုပါ ထိပ်သီးအစည်းအဝေးကို တက်ရောက်ရန် တီဟီရန်မြို့သို့ နိုဝင်ဘာ ၂၉ ရက်က ရောက်ရှိလာကြောင်း သတင်းရရှိသည်။

ဆွေးနွေး

ယင်းထိပ်သီးညီလာခံသည် အာရှတိုက်အလယ်ပိုင်းမှ ပါရှန်ပင်လယ်ကွေ့အထိ ဓာတ်ငွေ့လဲလှယ်ရေး သဘောတူစာချုပ်ချုပ်ဆိုရန် အသေးစိတ်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊နှစ်နိုင်ငံနှင့်တတိယနိုင်ငံများကြား စွမ်းအင်စီမံကိန်းဖက်စပ်ထူထောင်ရန်ကိစ္စနှင့် ရေနံနှင့်ဓာတ်ငွေ့တွင်းများကို ဖက်စပ်တူးဖော်ထုတ်လုပ်ရန် ကိစ္စတို့ကို အလေးပေးဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ကျင်းပခဲ့

ထိုသဘောတူညီချက်ကို ရုရှားစွမ်းအင်ဝန်ကြီးရှမတ်ကိုနှင့် အီရန်ရေနံဝန်ကြီး ဂိုလန်-ဟူစိန်နိုဇာရီတို့က လွန်ခဲ့သည့် မတ်လတွင် သဘောတူခဲ့သည်။

(အင်တာနက်)

ဂျာမနီနိုင်ငံ အီဆန်မြို့တွင် ကျင်းပလျက်ရှိသည့် မော်တော်ကားပြပွဲ၌ ပါဝင်ပြသထားသည့် မာစီဒီးကားတစ်စီးကို ဒီဇင်ဘာ ၁ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အိုဇုန်းလွှာရှိအပေါက်များ အန္တာတိကတိုက်ကို ပူနွေးခြင်းမှ ကာကွယ်

လန်ဒန် ဒီဇင်ဘာ ၁

အိုဇုန်းလွှာသည် တဖြည်းဖြည်းပါးလွှာလာသည့်အချိန်တွင်ပင် ကမ္ဘာကြီးပူနွေးလာမှုကို ကာကွယ်ပေးရင်း အန္တာတိကတိုက်ကို အေးသည်ထက်အေးလာစေကြောင်း သိပ္ပံပညာရှင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

အန္တာတိကတိုက် သုတေသနဆိုင်ရာ သိပ္ပံပညာရှင်များအဖွဲ့ (အက်စ်စီအေအာရ်)က ထုတ်ပြန်သောသတင်းများအရ အိုဇုန်းလွှာပေါ်တွင်ဖြစ်ပေါ်လာသော အပေါက်များသည် အိုဇုန်းလွှာအတွက် ဆိုးကျိုးတစ်ခုဖြစ်သော်လည်း အန္တာတိကတိုက်ကို ပူနွေးခြင်းမှ ကာကွယ်ပေးသည့် အကျိုးသက်ရောက်မှုရှိသည်ဟုဆိုသည်။

၂၀ရာစု၏အဆိုးရွားဆုံးပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်များအနက်မှ တစ်ခုဖြစ်သည့် အိုဇုန်းလွှာအပေါက်များသည် အန္တာတိကတိုက်ကို ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုးများမှ ကာကွယ်ပေးခဲ့ကြောင်း သိပ္ပံပညာရှင်များက ဆက်လက်ပြောကြားသည်။

(အင်တာနက်)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ဆေးရုံ၌ A (H1N1) ရောဂါကာကွယ်ဆေး ထိုးပေးလျက်ရှိသည်ကို ဒီဇင်ဘာ ၁ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

A(H1N1) တုပ်ကွေးကြောင့် သေဆုံးသူ သိသိသာသာ များပြားလာ

ဝါရှင်တန် ဒီဇင်ဘာ ၁

A(H1N1) တုပ်ကွေးရောဂါကြောင့် သေဆုံးသူအရေအတွက် သိသိသာသာ တိုးမြင့်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က ကြေညာသည်။ လွန်ခဲ့သည့် သီတင်းပတ်တွင် ယင်းတုပ်ကွေးရောဂါကြောင့် သေဆုံးသူဦးရေ ၁၀၀၀ကျော်သည်ဟုလည်း ကြေညာချက်၌ ဆက်လက်ဖော်ပြထားသည်။

ကြေညာ

ယင်းA(H1N1) ဗိုင်းရပ်စ်ပိုးသစ်ကြောင့် ဧပြီလတွင် ပထမဦးဆုံးဖြစ်ပွားခဲ့ချိန်ကစ၍ တစ်ကမ္ဘာလုံး၌ လူဦးရေ ၇၈၂၆ဦး သေဆုံးခဲ့ရပြီးဖြစ်ကြောင်း ဒဗလျူအိတ်ချ်အိုက နိုဝင်ဘာ ၂၆ရက်တွင် ထုတ်ပြန်ကြေညာသည်။

တိုးလာ

ကမ္ဘာတစ်ဝန်း၌ အထူးသဖြင့် အမေရိကန်နှင့် ကာရစ်ဘီယံဒေသတွင် A (H1N1) တုပ်ကွေးရောဂါကြောင့် သေဆုံးခဲ့သည့် အရေအတွက်သည် လွန်ခဲ့သည့် သီတင်းပတ်က အဆမတန်တိုးလာခဲ့သည်။

A(H1N1) ရောဂါကြောင့် ဥရောပတွင် သေဆုံးသူအရေအတွက် ၆၅၀ရှိနေပြီဖြစ်ကြောင်းနှင့် ၈၅ရာခိုင်နှုန်းတိုးလာကြောင်း၊ ဆွီဒင်၊ နော်ဝေ၊ မော်လ်ဒိုဗာနှင့် အီတလီနိုင်ငံတို့တွင် ထိုရောဂါကြောင့် သေဆုံးသူဦးရေအများဆုံးဖြစ်ကြောင်းသိရသည်။ (အင်တာနက်)

တူရကီနိုင်ငံသားများ သေနတ်အပြိုင်အဆိုင်ဝယ်ယူနေ

အန်ကာရာ ဒီဇင်ဘာ ၁

တူရကီနိုင်ငံသားများသည် ပြီးခဲ့သည့်ခုနစ်နှစ်အတွင်းမှာပင် သေနတ်ဝယ်ယူရေးအတွက် အမေရိကန်ဒေါ်လာ ၁၃၈သန်းနီးပါး သုံးစွဲကာ သေနတ်များ အပြိုင်အဆိုင် ဝယ်ယူကြသည်ဟု အနာတိုလီယာသတင်းဌာနက ထုတ်ဖော်ပြောကြားသည်။

သိရ

တူရကီစက်မှုနှင့်ဓာတုလုပ်ငန်း ကော်ပိုရေးရှင်းသည် ယခုနှစ်အစပိုင်းမှာပင် ပြောင်းတိုသေနတ် ၁၀၃၀၂လက်ကို ရောင်းချခဲ့ရပြီး ၈၂၂၅ လက်မှာ တူရကီနိုင်ငံလုပ်များဖြစ်သည်ဟုဆိုသည်။ တစ်လက်လျှင် တန်ဖိုးငွေဒေါ်လာ ၄၅၀ မှ ဒေါ်လာ၇၀၀၀ အထိရှိသည်ဟု သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေး အိန္ဒိယနှင့်ကနေဒါ သဘောတူညီ

အိန္ဒိယနှင့်ကနေဒါ နှစ်နိုင်ငံတို့သည် နျူကလီးယား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁ရက်က သတင်းထုတ်ပြန်သည်။

ဂရိရေနံတင်သင်္ဘော ဆိုမာလီစားပြများအပိုင်စီး

ဂရိနိုင်ငံတောင်ပိုင်းကမ်းလွန်တွင် ဒီဇင်ဘာ၁ရက် နံနက်က ဂရိရေနံတင်သင်္ဘောတစ်စင်းကို ဆိုမာလီစားပြများက အပိုင်စီးသွားခဲ့ကြောင်း ဂရိအရာရှိများက ပြောကြားသည်။

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ မှိုအဆိပ်သင့်၊ လေးဦးသေဆုံး

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ဟွန်ယာမြို့၌ ဒီဇင်ဘာ၁ရက်က အစာအဆိပ်သင့်ပြီး လေးဦးသေဆုံးခဲ့ကြောင်း၊ ယင်းတို့သည် မှိုများစားသုံးခဲ့၍ဖြစ်ကြောင်း ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ပါလက်စတိုင်းနိုင်ငံ ဂါဇာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

*ပါလက်စတိုင်းနိုင်ငံ ဂါဇာမြို့အနောက်ပိုင်းတွင် ဒီဇင်ဘာ ၁ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။ **(အောက်ပုံ)***

ပါကစ္စတန်၌ A(H1N1)ဖြင့် တစ်ဦးသေဆုံး

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့၌ ဒီဇင်ဘာ ၁ ရက်က A(H1N1)ရောဂါဖြင့် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးအနည်းငယ်မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးများ အနည်းငယ်မြင့်တက်လျက်ရှိရာ တရုတ်ဈေးကွက်၌ ဒီဇင်ဘာ ၁ ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၇၉ ဒေါ်လာအထိ ရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။



ရုရှားဆိုယုဇ်အာကာသယာဉ် နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ထွက်ခွာ

ရုရှားနိုင်ငံမှလွှတ်တင်ထားသော ဆိုယုဇ်တီအမ်အေ-၁၅ အာကာသလွန်းပြန်ယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ချိတ်ဆက်ထားမှုကို ဒီဇင်ဘာ ၁ရက်က ဖြုတ်လိုက်ပြီး မြေပြင်သို့ ပြန်လည်ဆင်းသက်လာနေပြီဖြစ်ကြောင်း မော်စကိုမြို့ရှိ အာကာသယာဉ်ထိန်းချုပ်ရေးစခန်းမှ သတင်းထုတ်ပြန်သည်။ *(အပေါ်ပုံ)*

အီရတ်၌ အရပ်သားများသေဆုံးမှု နိုဝင်ဘာလတွင် အနည်းဆုံး ၉၀ရှိ

အီရတ်နိုင်ငံ၌ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အနည်းဆုံးအရပ်သား ၉၀ သေဆုံးခဲ့ကြောင်း ဒီဇင်ဘာ ၁ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းများအား ရေးမြို့တွင် ထောက်ပံ့ကြေးပေးအပ်

ရေး ဒီဇင်ဘာ ၁

ရေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းများနှင့် မသန်စွမ်းသူများ ထောက်ပံ့ကြေးပေးအပ်ပွဲကို နိုဝင်ဘာ ၁၇ရက်က ရေးမြို့နယ် စစ်မှုထမ်းဟောင်းရုံးခန်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရေးဦးစွာ မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဝင် ဒုတိယဥက္ကဋ္ဌ တပ်ကြပ်ကြီး အောင်မြင့်(ငြိမ်း)က ၂၀၀၉ ခုနှစ် စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ အတွေ့အကြုံများ ရှင်းလင်းပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးဟန်မင်းနိုင်(ငြိမ်း)က အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းသုံးဦးနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းငါးဦးအား ထောက်ပံ့ကြေးများ ပေးအပ်သည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၈ရက် နံနက်ပိုင်းက လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်မှ အရန်မီးသတ် ဒုတိယတပ်ရင်းမှူးများနှင့် တပ်ခွဲမှူးများအား တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန်၊ တပ်ဖွဲ့ဝင်များ စည်းလုံးညီညွတ်မှု၊ စည်းကမ်းသေဝပ်မှု၊ လုပ်ငန်းစွမ်းရည် တိုးတက်မြင့်မားစေရေးအတွက် အလေးထား လိုက်နာဆောင်ရွက်ကြရန်နှင့် ပြည်သူများ အားကိုးရသည့် မီးသတ်တပ်ဖွဲ့ဝင်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရေး ဆွေးနွေးမှာကြားသည်။

(မီးသတ်ဦးစီးဌာန)

ပဲခူးတိုင်း ရွှေကျင်မြို့နယ် သရက်ချောင်းကျေးရွာ သုတစံစာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဦး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးရည်နှင့် သုတစံစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်ဦးတို့က စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁

၂၀၀၉ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ရန်ကင်းမြို့နယ် အထက(၁) ကျောင်းခန်းမ၌ နိုဝင်ဘာ ၃၀ရက်က ကျင်းပရာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစိုင်းအောင်မင်းက အမှာစကားပြောကြားပြီး **(ဝဲပုံ)** ရုပ်ရှင်သရုပ်ဆောင် ခင်ဇာခြည်ကျော်နှင့် MANA ဗဟိုမှ ဒေါက်တာဦးမောင်မောင်လွင်တို့က အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်အကြောင်းများကို ဟောပြောသည်။

ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲ၊ နံရံကပ်စာစောင်နှင့် ပိုစတာပြိုင်ပွဲ ဆုပေးပွဲကျင်းပရာ ဆုရကျောင်းသား ကျောင်းသူများအား ရန်ကင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကိုကိုအောင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ (၁၇၀)

မြိတ် အလက(၂) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁

မြိတ်မြို့ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို လာမည့် ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ စာသင်နှစ် ကန့်သတ်ချက် မရှိဘဲ ပညာသင်ကြားခဲ့ကြပြီးသူ ကျောင်းသားကျောင်းသူဟောင်းများအားလုံးက အလက(၂) ကျောင်းတွင် သက်ပြည့်အငြိမ်းစား တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့နိုင်ရန် အလှူငွေနှင့်ပစ္စည်းများကို ဦးကြင်တိုး(ရန်ကုန်) ဖုန်း-၀၉-၈၀၃၄၃၇၀၊ ၀၁-၂၀၃၁၆၈၊ ဒေါ်မို့မို့အောင်(ရန်ကုန်) ဖုန်း-၀၉-၅၀၄၂၅၄၃၊ ဦးသန်းဌေး(မြိတ်) ဖုန်း-၀၉-၅၆၄၀၃၄၄၊ ဦးသန်းမြင့်(မြိတ်) ဖုန်း-၀၅၉-၄၂၆၅၅ နှင့် ဒေါ်သင်းသင်း(မြိတ်) ဖုန်း-၀၅၉-၄၁၅၃၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။

(ပညာရေး)

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အသုတ်ဘူတာရုံလမ်း ခုံးပေါက်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးဌေးနိုင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးလှဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်း နိုဝင်ဘာ ၂၆ရက်က မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာရှိ ရေတင်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုးလွင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၄)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်း လာအိုနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတည်ထောင်သည့် (၃၄)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ထောင်လွန်းဆီဆုလစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မုံရွာမြို့ ချမ်းမြသာစည်ရပ်ကွက် မကျီးကုန်းလမ်း (ရွှေကြယ်လမ်း) ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို လမ်းခင်းကျောက်များ စုဆောင်းထားရှိမှု လမ်းကြောင်းအခြေအနေနှင့် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ရန်အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် လမ်းကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းတို့ နိုဝင်ဘာ ၁၂ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

အခွန်ဆိုင်ရာကိစ္စရပ်များ ပညာပေးဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁

နေပြည်တော်တပ်ကုန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ စီမံချက်များနှင့် ပတ်သက်၍ အခွန်ဆိုင်ရာ ထပ်ဆင့်ရှင်းလင်းပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀နာရီက နေပြည်တော်တပ်ကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့်ပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား အတွင်းရေးမှူး ဦးကျော်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးညွန့်တင်က စားသောက်ဆိုင်လုပ်ငန်းရှင်များ လိုက်နာရမည့် ကုန်သွယ်လုပ်ငန်းခွန်နှင့် အခွန်ဆိုင်ရာ ကိစ္စရပ်များ စီမံချက်နှင့် ပတ်သက်သည့် အခွန်ဆိုင်ရာ ကိစ္စရပ်များ၊ အခွန်ထမ်းသစ်များ တိုးချဲ့ဖော်ထုတ်ရေး၊ အခွန်ကြွေးကျန်များ၊ လစဉ်အခွန်ငွေများ အပြည့်အဝ ကောက်ခံရရှိစေရန် ကွင်းဆင်းဆောင်ရွက်စဉ် ရပ်ကွက် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက ကူညီပံ့ပိုးပေးရေး အကျယ်တဝင့် ရှင်းလင်းမှာကြား၍ လုပ်ငန်းရှင်များနှင့် ပြည်သူများ၏ ဆွေးနွေးမေးမြန်းချက်များကို မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးညွန့်တင်နှင့် တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

(ယာပုံ) (ဝ၉၁)

မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)

နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁

မြောင်းမြမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ခြင်းတို့ကို ၂၀၁၀ခုနှစ် ဇန်နဝါရီလ၌ ကျင်းပမည်ဖြစ်သည်။

လျှောက်လွှာ

အသင်းသူ /အသင်းသားများ၏ အသက် ၇၅နှစ်အထက်မိဘများ၊ ၂၀၀၈-၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးသုံးဘာသာနှင့်အထက် အောင်မြင်သော ကျောင်းသား ကျောင်းသူများ၊ Top Ten ဆုရ ကျောင်းသား ကျောင်းသူများ၊ ပညာသင်ထောက်ပံ့ကြေး လျှောက်ထားပြီးသူများသည် အသင်းမှသတ်မှတ်ထားသော ပညာရေးထောက်ခံချက်များနှင့်အတူ ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား၍ ဒုတိယဗိုလ်မှူးကြီးဝင်းကြည် (ငြိမ်း) ဖုန်း-၅၇၃၀၇၄၊ ဦးမျိုးကြည် ဖုန်း-၅၇၈၆၃၈၊ ဒုတိယဗိုလ်မှူးကြီးသက်စိုး(ငြိမ်း) ဖုန်း-၆၃၈၂၂၅ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း) ဖုန်း-၅၃၄၀၁၇၊ ဒေါ်ရီရီဝင်း ဖုန်း-၂၅၁၃၂၃၊ ဒေါ်သန်းမြင့် ဖုန်း-၅၂၆၁၆၈၊ ဦးလှဖေ ဖုန်း-၂၂၁၄၁၉၊ ဦးခင်မောင်အေး ဖုန်း-၂၉၁၃၇၉၊ ဒေါ်သန်းသန်းနွယ် ဖုန်း-၆၆၂၀၈၆၊ ဦးမြင့်အေး ဖုန်း-၀၉-၅၀-၁၁၆၄၀ တို့သို့ ဆက်သွယ်၍ စာရင်းများပေးပို့ရန်နှင့် အလှူငွေများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၁၂-၂၀၀၉

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး ၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။ နံနက်ခင်းသတင်း
၇:၄၀	၄။ **အောင်တော်မူ** စောမင်းနောင်၊ စိုင်းညီမင်း၊ (တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀	၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀	၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၅	၇။ အဆိုပြိုင်ပွဲ
၈:၂၅	၈။ ငဝန်မြစ်(မြို့ကွင်း) တံတား
၈:၄၀	၉။ International News
၈:၄၅	၁၀။ တေးဂီတအစီအစဉ်
၉:၀၀	၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၂၀	၃။ အတီးပြိုင်ပွဲ
၄:၃၀	၄။ တေးဂီတအစီအစဉ်
၄:၄၅	၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၀၀	၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅	၇။ သီချင်းကြီးပဒေသာ
၅:၁၅	၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၂၅	၉။ ခရီးဆက်နေဦးမည် ရွှေညာဆီ
၅:၄၀	၁၀။ စုပါတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀	၁၁။ ညနေခင်းသတင်း
၆:၁၅	၁၂။ မိုးလေဝသအခြေအနေ
၆:၂၀	၁၃။ မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
၆:၃၅	၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၀၅	၁၅။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇:၄၀	၁၆။ ဝတ်မှုံတေးဂီတ ဖျော်ဖြေခန်း
၈:၀၀	၁၇။ ပြည်တွင်းသတင်း
	၁၈။ နိုင်ငံတကာသတင်းများ
	၁၉။ မိုးလေဝသအခြေအနေ
	၂၀။ မြန်မာရုပ်ရှင် **ကမ္ဘာကမ္ဘာအဝေး** လွင်မိုး၊ စိုးမြတ်သူဇာ၊ ထက်ထက်မိုးဦး (ဒါရိုက်တာ-ကြီးမြင့်)
	၂၁။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဒီဇင်ဘာ ၁

ရေစကြိုဌ ကျွဲ၊ နွားများအား ကြိုတင်ကာကွယ်ဆေးထိုးနှံ

ကျွဲ၊ နွားများတွင်ဖြစ်တတ်သောရောဂါများ ကြိုတင်ကာကွယ်သောအားဖြင့် ရေစကြိုမြို့နယ် မွေး/ရေ ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်လွင်နှင့်ဝန်ထမ်းများ နိုဝင်ဘာ ၁၀ရက်မှစတင်ပြီး ဇွေးဂုံ၊ ဗြိဘ၊ ဝက္ကတောနှင့်ကွမ်းသီးကန်စသော ကျေးရွာများရှိ ကျွဲနွားများအား ကြိုတင်ကာကွယ်ဆေးများ လိုက်လံထိုးနှံပေးကြသည်။ (၀၆၉)

ပုသိမ်ကြီးပြန်/ဆက်ဦးစီး၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဝန်ထမ်းများ၏ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကို အောက်တိုဘာ ၂၆ ရက်က မြို့နယ်ရုံးစာကြည့်တိုက်၌ကျင်းပရာ ခတ်ပုံကျွမ်းကျင် (၂) ဦးမင်းနိုင်ဦးနှင့် ရုပ်/သံ (၃) ဒေါ်စုစုလှိုင်တို့က အောက်တိုဘာ ၂၃၊ ၂၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့အာဘော်များ၊ အငယ်တန်းစာရေး ဒေါ်ခင်နှင်းဆီနှင့် စာပေဝါသနာရှင် ဦးထင်လင်းအောင်တို့က ချစ်နိုင် (စိတ်ပညာ)၏ ခေါင်းဆောင်ကောင်းဖြစ်လိုသော် ဆောင်းပါးတို့ကိုဖတ်ကြားကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက ဆောင်းပါးပါ အနှစ်သာရများကို ခြုံငုံဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

သဘာဝဘေး ရှောင်တိမ်းရန် ကြိုတင်သရုပ်ပြလေ့ကျင့်

မွန်ပြည်နယ် ပေါင်မြို့နယ် ပင်လယ်ကမ်းစပ် အလုပ်ကျေးရွာတွင် အောက်တိုဘာ ၁၄ရက် နံနက်၉နာရီက သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် အမြန်ဆုံးပြောင်းရွှေ့၍ ဘေးလွတ်ရာသို့ ရောက်ရှိရှောင်တိမ်းခြင်း၊ ကြိုတင်သတိပေး သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကျင်းပရာ အခမ်းအနားသို့ ပေါင်မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်အောင်ငွေးနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ တက်ရောက်လေ့လာကြသည်။ *(၁၇၆)*

တိုင်းရင်းဆေးအခြေခံသင်တန်း မြောက်ဦး၌ဖွင့်

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဦးချစ်ညွန့်သည် ပဏာမကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ တိုင်းရင်းဆေး အခြေခံသင်တန်းကို အောက်တိုဘာ ၂၄ရက်က အဆိုပါဦးစီးဌာန၌ ကျင်းပရာ မြို့နယ်အဖွဲ့ဝင်နှင့် ရပ်ကွက်ဥက္ကဋ္ဌများ တက်ရောက်ကြပြီး တိုင်းရင်းဆေးမှူး ဆရာဦးချစ်ညွန့်က အဖွင့်အမှာစကားပြောကြားသည်။ ***(တိုင်းရင်းဆေး)***

စာကြည့်တိုက်များ စံ(၅)ချက်ညီရေး ဆိပ်ဖြူ၌ဆွေးနွေး

ဆိပ်ဖြူမြို့နယ် တမ္ဘကောက်ကျေးရွာတွင် စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ရှင်သန်ခိုင်မာရေး စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံဆွေးနွေးပွဲကျင်းပရာ ပခုက္ကူခရိုင်ဦးစီးအရာရှိ ဦးတင်ဝင်းက ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က စာဌာနကတ်စနစ်ကျင့်သုံးရေးနှင့် စာအုပ်စာစောင်များတိုးပွားရေး ရှင်းလင်းဆွေးနွေးသည်။ *(မြို့နယ် ပြန်/ဆက်)*

ကြို့ပင်ကောက်၌ ကျန်းမာရေးအသိပညာပေးဟောပြော

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ်ရုံးခန်းမ၌ အောက်တိုဘာ ၁၅ရက်က တီဘီ၊ ငှက်ဖျား၊ အနာကြီး ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇာနည်လင်းထွန်းက တီဘီ၊ ငှက်ဖျားနှင့် အနာကြီးရောဂါအကြောင်း အသိပညာပေးဟောပြောသည်။ ***(၁၈၀)***

ကြွပ်ကြွပ်အိတ်များ အသုံးမပြုရေး မိုးကောင်း၌ဆွေးနွေး

ကချင်ပြည်နယ်အတွင်း ကြွပ်ကြွပ်အိတ်အသုံးပြုမှု ပပျောက်စေရမည်ဟူသော စီမံချက်နှင့်အညီ မိုးကောင်းမြို့နယ်တွင်လည်း ကြွပ်ကြွပ်အိတ်များ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် အသုံးပြုခြင်းများကို တားမြစ်ရေးအတွက် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ဌာနဆိုင်ရာများနှင့် ရပ်ကွက် ဥက္ကဋ္ဌများအား နိုဝင်ဘာ ၁၈ရက် မွန်းလွဲ ၂နာရီက မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ဆွေးနွေးသည်။ *(မြို့နယ် ပြန်/ဆက်)*

ကလေးသူငယ်ရပိုင်ခွင့်နှင့်ပတ်သက်၍ ရှင်းလင်း

မန္တလေးတိုင်း ကလေးသူငယ်ဥပဒေဆိုင်ရာကော်မတီ၏ ကလေးသူငယ်များ လုပ်ငန်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရပိုင်ခွင့်များထိခိုက်နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၁ရက်က ချမ်းအေးသာစံမြို့နယ် ဝေဇယန္တာမွေ့ရုံ၌ကျင်းပရာ မန္တလေးတိုင်း ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သန်းက အမှာစကား ပြောကြားပြီး ခရိုင်ကလေးသူငယ်ဆိုင်ရာဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ တိုင်းတရားသူကြီး ဦးလှဝင်းနှင့် တိုင်းဥပဒေအရာရှိ ဦးရဲအောင်မြင့်တို့က ကလေးသူငယ်များ နှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာ သိကောင်းစရာများကို ရှင်းပြကြသည်။ ***(၀၉၂)***

ဖောင်းပြင်ကျေးရွာ၌ မိုးစပါးစံပြကွက်ရိတ်သိမ်း

စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့ ခုံသာကျေးရွာ ကွင်းအမှတ် (၁၆၁)တွင် မိုးစပါးစံပြကွက် ရိတ်သိမ်းပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ အဆိုပါစံပြရိတ်သိမ်းပွဲတွင် တောင်သူ ဦးထွန်းဝင်း၏ ဆင်းဇကေရီ စပါးစိုက်ကွက်၌ ကိုယ်စားပြုစံကွက် ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၉၉ ဒသမ ၈၉ တင်း ထွက်ရှိသည်။ *(မြို့နယ် ပြန်/ဆက်)*

ဗန်းမော် ထွေ/အုပ်ဦးစီးဌာန နှစ်ပတ်လည်နေ့ကျင်းပ

ကသာခရိုင် ဗန်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၇ရက် နံနက် ၈နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးငွေးလွင်က အမှာစကားပြောကြားသည်။ ***(မြို့နယ် ပြန်/ဆက်)***

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဗီယက်နမ်နိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအားလက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lieutenant General, Nguyen Chi Vinh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

လက်ခံတွေ့ဆုံ

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အေးမြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့်ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lieutenant General, Nguyen Chi Vinh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Chu Cong Phung နှင့် စစ်သံမှူး Senior Colonel, Nguyen Van Vui သို့တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး **Lieutenant General, Nguyen Chi Vinh** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

(၃၆)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်များသင်္ဘောခရီးစဉ်မှ လူငယ်ခေါင်းဆောင်များ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁

ဂျပန်နိုင်ငံအစိုးရအဖွဲ့ရုံးမှ အုပ်ချုပ်ရေးမှူး Mr.Aichiro Tanaka ဦးဆောင်၍ (၃၆)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်များ သင်္ဘောခရီးစဉ်မှ အုပ်ချုပ်သူများ၊ ဂျပန်နိုင်ငံနှင့် အာဆီယံ (၁၀)နိုင်ငံတို့မှ လူငယ်ခေါင်းဆောင်များနှင့် ဒုတိယခေါင်းဆောင်များသည် ယနေ့နံနက် ၉နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြသည်။

(သတင်းစဉ်)

ယောဂီမယ်တော်ကြီးဘွားအိမ်ပြည့်၏ (၁၀၅)နှစ်မြောက် မွေးနေ့မင်္ဂလာကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် ဝဲလောင်ကျောက္ကာကျေးရွာ ဇာတိ ဘွားအိမ်ပြည့်၏ (၁၀၅)နှစ်မြောက် မွေးနေ့မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကျောက်ကုန်းကျောင်းကြီး ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ မွေးနေ့အထိမ်းအမှတ် အလှူအဖြစ် ကျေးရွာခြောက်ရွာကို အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်နှုန်းဖြင့် ကျောက္ကာကျေးရွာအတွက် ၁၈၉ အိတ်၊ တောင်ကုန်းကျေးရွာအတွက် ၅၅အိတ်၊ ထန်းတောကြီး ကျေးရွာအတွက် ၆၄အိတ်၊ အောင်ချမ်းသာကျေးရွာအတွက် ၅၆အိတ်၊ မြို့ဘကျေးရွာအတွက် ၄၉၃အိတ်၊ ကံအေးကျေးရွာအတွက် ၁၁အိတ်ဖြင့် ငွေကျပ် ၁၂ သိန်းကျော်တန်ဖိုးရှိ ဆန်အိတ် ၈၆၈ အိတ်ကို ပေးအပ်လှူဒါန်းပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ကိုရီးယားမှ ပြန်လည်ရောက်ရှိ အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ၏ ပုံမှန်အစည်းအဝေးနှင့် အလွတ်သဘောအစည်းအဝေးများ တက်ရောက်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၆ရက်မှ ၂၇ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့၌ ကျင်းပခဲ့သည့် အာဆီယံ+၃ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ၏ ပုံမှန်အစည်းအဝေးနှင့် အလွတ်သဘောအစည်းအဝေးများသို့ တက်ရောက်ခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေး

အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ၏ ပုံမှန်အစည်းအဝေးကို နိုဝင်ဘာ ၂၆ ရက်က ဘူဆန်မြို့ Westin Chosun Hotel Grand Ballroom ၌ ကျင်းပရာ နံနက်ပိုင်း အစည်းအဝေး၌ ဇင်းမယ် အစီအစဉ်တွင် နိုင်ငံစုံပါဝင်ရေး သဘောတူစာချုပ်၌ ပါရှိသည့် ဥပဒေရေးရာလုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းသည့် လုပ်ငန်းတိုးတက်မှု အခြေအနေများကိုလည်းကောင်း၊ အာဆီယံ+၃ မက်ခရိုစီးပွားရေး သုတေသနရုံး (ASEAN+3 Macro-economic Research Office-AMRO) တည်ထောင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်းကောင်း ညှိနှိုင်းဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

အမြင်ချင်းဖလှယ်

ဆက်လက်၍ မွန်းလွဲပိုင်းအစည်းအဝေး၌ အာရှငွေချေးစာချုပ်ဈေးကွက်များ အစီအစဉ်၏ လုပ်ငန်းအဖွဲ့များနှင့် နည်းပညာဆိုင်ရာ အကူအညီပေးရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် တိုးတက်မှုများအပေါ် ဗဟိုဘဏ် ဒုတိယအကြီးအကဲများက ဆွေးနွေးသုံးသပ်၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် ညွှန်ကြားချက်များပေးခဲ့သည်။ ထို့နောက် စီးပွားရေးနှင့်ငွေရေးကြေးရေး ကြီးကြပ်ထိန်းကျောင်းမှုလေ့လာသည့် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု၊ တိုးတက်မှုနှင့် အနာဂတ်လုပ်ငန်းများကို ဗဟိုဘဏ် ဒုတိယအကြီးအကဲများက ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ရှင်းလင်းတင်ပြ

နိုဝင်ဘာ ၂၇ ရက်က ကျင်းပခဲ့သည့် အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ၏ အလွတ်သဘောအစည်းအဝေး၌ အာရှဖွံ့ဖြိုးရေးဘဏ်၏ ဒေသဆိုင်ရာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုရုံးနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ဒေသဆိုင်ရာဌာနေကိုယ်စားလှယ်ရုံးတို့မှ အာဆီယံ+၃ နိုင်ငံများ၌ ဒေသဆိုင်ရာစီးပွားရေးနှင့် ငွေရေးကြေးရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေးနှင့်ငွေရေးကြေးရေး နေးကွေးကျဆင်းမှုအပေါ် တုံ့ပြန်ချက်ချမှတ်ထားသည့် မူဝါဒများ၏ နောက်ဆုံးအခြေအနေကို တင်ပြခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေးတိုးတက်မှု အခြေအနေများကို ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက ရှင်းလင်းတင်ပြခဲ့သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၈ ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတစ်ဝန်းသာသာယာယာရှိမည်

နေပြည်တော် ဒီဇင်ဘာ ၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီ စင်တီဂရိတ်မှ ၄ဒီဂရီ စင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး၊ ကချင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၃ဒီဂရီ စင်တီဂရိတ်၊ မချမ်းဘောမြို့တွင် ၅ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် မင်းတပ်မြို့တို့တွင် ၇ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၂ရက်ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ် စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် U Kyu Family Trading Co., Ltd. ၏ ကူညီပံ့ပိုးမှုဖြင့် ဒီဇင်ဘာ ၅ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဦးဖေသိန်း (Electrical and Electronics) နေအိမ်တစ်ခု၏ လျှပ်စစ်စနစ် (Electrical Wiring of a House) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၁) သာယာဝတီ အာစရိယပူဇော်ပွဲ ကျင်းပမည်

သာယာဝတီ ဒီဇင်ဘာ ၁

အထက(၁) သာယာဝတီတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစားဆရာကြီး ဆရာမကြီးများအား (၁၁) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့်နှစ် ဇန်နဝါရီ ၁၀ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပူဇော်ကန်တော့ကြမည်ဖြစ်ရာ အပူဇော်ခံဆရာ ဆရာမကြီးများနှင့် ရပ်နီးရပ်ဝေးမှ ကျောင်းသားကျောင်းသူဟောင်းများ အထက(၁) သာယာဝတီမြို့သို့ လာရောက်ကြပါရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို ဦးမြစိုး(ခရိုင်စာရင်းစစ်အရာရှိ၊ ငြိမ်း) ဖုန်း-၀၅၅-၃၀၇၉၆၊ ဦးစံသိန်း ကျောင်းအုပ်ဆရာကြီး အထက(၁) သာယာဝတီ ဖုန်း-၀၅၅-၃၀၁၄၂၊ ဦးကိုဝင်း ကျောင်းအုပ်ကြီး အလက ထန်းပင်ကုန်း သာယာဝတီ ဖုန်း-၀၅၅-၃၀၇၁၈၊ ဦးသက်မော်ဦး ရန်ကုန်မြို့ ဖုန်း- ၀၁-၂၉၂၈၂၈၊ ဒေါ်ဝင်းမာညွန့် (ရန်ကုန်) ဖုန်း-၀၁-၅၂၂၀၇၄၊ ဦးထွန်းအေး(ရန်ကုန်) ဖုန်း-၀၁-၂၁၂၁၇၄၊ ဦးထွန်းမြတ်(သာယာဝတီအသင်း အတွင်းရေးမှူး) ရန်ကုန် ဖုန်း-၀၉-၅၀-၃၅၄၀၄ တို့သို့ အသီးသီး ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့

အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရရှိရှိ ကျင်းပနိုင်ရေး လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁

၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များဖြစ်ကြသော နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

အနှစ်သာရရှိရှိ

ရှေးဦးစွာ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ၂၀၁၀ ခုနှစ် လွတ်လပ်ရေးနေ့ အခမ်းအနားကို စည်စည်ကားကား၊ သိုက်သိုက်မြိုက်မြိုက်၊ ခမ်းခမ်းနားနား ကျင်းပနိုင်ရေးအတွက် ယနေ့အစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးနေ့ အခမ်းအနားကို လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ အနှစ်သာရရှိရှိ ကျင်းပသွားနိုင်ရေးအတွက် မိမိ ဦးဆောင်သည့် အဖွဲ့ဝင် (၄၆)ဦးပါဝင်သည့် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း။

ရှင်းလင်းတင်ပြ

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနား ကျင်းပရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိရှိ ခမ်းခမ်းနားနား ကျင်းပနိုင်ရေးအတွက် အမျိုးသားရေးဦးတည်ချက် (၄)ရပ်ကို ချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ ယင်းဦးတည်ချက်များမှာ-

(က) **နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲ ပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊**

(ခ) **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊**

(ဂ) **ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊**

(ဃ) **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး** တို့ဖြစ်ကြောင်း။

ဆွေးနွေးတင်ပြ

လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဝင်များနှင့် သက်ဆိုင်ရာ ဆပ်ကော်မတီဝင်များက စီမံချက်ပါအတိုင်း လွတ်လပ်ရေးနှင့် ဆက်စပ်ပြီး ကျင်းပရမည့် အခမ်းအနားအားလုံးကို စနစ်တကျအောင်မြင်စွာ ကျင်းပသွားနိုင်ရေးအတွက် ဆွေးနွေးတင်ပြပေးကြရန် ဖြစ်ကြောင်း။

၂၀၀၉ခုနှစ်ကကဲ့သို့ လွတ်လပ်ရေးနေ့ အခမ်းအနားကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး စည်ပင်သာယာရေး နယ်နိမိတ် အပါအဝင် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်များအလိုက် ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့များ ပေါင်းစပ်ပြီး မိမိတို့အစီအစဉ်ဖြင့် ပျော်ပွဲရွှင်ပွဲများ၊ ပြိုင်ပွဲများ ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန်ဖြစ်ကြောင်း၊ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို အနှစ်သာရရှိရှိဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

အမှာစကားပြောကြ

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး
(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး (၆၂
နေ့ကျင်းပရေး ဗဟိုကော်မတီ ညှိနှိုင်းအစည်
ပြောကြားစဉ်။

ရှင်းလင်းတင်ပြ

ယင်းနောက် (၆၂)နှစ်မြောက် လွတ်လပ်
အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ
ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချ
လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပ
နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်
ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြ
ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာ့အသံနှင့်ရု
မှူးချုပ် ဦးခင်မောင်ဌေး၊ လွတ်လပ်ရေးနေ့သဝဏ်
ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး
ကျန်းမာရေး ဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေး
ဒေါက်တာမြဦး၊ အားကစားပြိုင်ပွဲများ ကျ
အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေး
က သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် ဆော
ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာ
လွတ်လပ်ရေးနေ့ ကျင်းပရေးနှင့်စပ်လျဉ်း၍ အထွေ
တင်ပြကြသည်။

ထို့နောက် (၆၂)နှစ်မြောက် လွတ်လပ်ရေး
ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေ
ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ရှင်း
ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြော
ရပ်သိမ်းလိုက်သည်။

ပခုက္ကူမြို့နယ်၌ ပေနက်အစမ်းတွင်း တူးဖော်နေမှု

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် နိုဝင်ဘာ ၂၉ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ပခုက္ကူမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အရာတော်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ၌ ပြည်ပမှဝယ်ယူထားသည့် ပေနက်တွင်းတူးစက်ဖြင့် ပေနက်အစမ်းတွင်းတူးဖော်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူး(တူးဖော်ရေး)နှင့် ဘူမိရူပဗေဒအရာရှိချုပ်တို့က အရာတော် ပေနက်အစမ်းတွင်း အမှတ်(၁) တူးဖော်ဆောင်ရွက်နေမှု အခြေအနေနှင့် လက်ရှိတူးဖော်နေသည့် ပုံတောင်သဲကြောအတွင်း ခိုအောင်းနေသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့တည်ရှိမှု အလားအလာကောင်းများကိုလည်းကောင်း၊ သာကြီးတောင်ရေနံမြေနှင့် ကျောက်ခွက်ရေနံမြေတို့မှ တူးဖော်ရေးအင်ဂျင်နီယာချုပ်တို့က သာကြီးတောင်နှင့် ကျောက်ခွက်ရေနံမြေတို့တွင် ပေနက်တွင်းတူးစက်များဖြင့် အစမ်းတွင်းနှစ်တွင်း တူးဖော်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်တင်ပြသည်။ ထို့နောက် ဝန်ကြီးက ပြည်တွင်းသုံးစွဲမှု ဖူလုံစေရန် ရည်ရွယ်၍ ပြည်ပမှ ပေနက်တွင်းတူးစက်များ ဝယ်ယူကာ ယခင် မတူးဖော်ဖူးသည့် ပေနက်များတွင် တူးဖော်နေခြင်းဖြစ်၍ နည်းပညာဆိုင်ရာ ကိစ္စရပ်များကို စေ့စပ်သေချာအောင် အထူးဂရုပြု ကြီးကြပ်ဆောင်ရွက်သွားရန်၊ သတ်မှတ်ရက်အမီ လျာထားအနက်ပေ ၁၅၀၀၀ရောက်အောင် တူးဖော်သွားရန်ဖြစ်သဖြင့် မိမိဝန်ထမ်းများအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန် စသည်ဖြင့်မှာကြားသည်။

နှုတ်ဆက်အားပေး

ယင်းနောက် ဝန်ကြီးသည် အရာတော်ရေနံမြေတွင် ZJ 50 D SRII ပေနက်တွင်းတူးစက်ဖြင့် အစမ်းတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးကာ **(အပေါ်ပုံ)** တွင်းတူးစက်တွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံခြားသားပညာရှင်များနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝန်ထမ်းများအား နှုတ်ဆက်အားပေးစကား ပြောကြားခဲ့သည်။

ရည်မှန်းချက်ရောက်ရှိ

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် အလားအလာကောင်းများရှိသည့် ဒေသများဖြစ်သည့် သာကြီးတောင်ရေနံမြေ၊ ကျောက်ခွက်ရေနံမြေနှင့် အရာတော်ရေနံမြေတို့တွင် ပြည်ပမှ ဝယ်ယူထားသည့် ပေနက်တွင်းတူးစက်ကြီးများဖြင့် လျာထားအနက်ပေ ၁၅၀၀၀စီထား၍ တူးဖော်လျက်ရှိရာ ရည်မှန်းချက်အနက်ပေသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့

အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲ ပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

(ဂ) ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

သာယာဝတီမြို့ အလက (စံပြ) ကွက်သစ်ကျောင်း အာစရိယပူဇော်ပွဲ

သာယာဝတီ ဒီဇင်ဘာ ၁

သာယာဝတီမြို့ အလက(စံပြ) ကွက်သစ်ကျောင်း၏ သက်ပြည့်အငြိမ်းစား ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၅ရက် (ခရစ္စမတ်နေ့)တွင် အလကကွက်သစ်ကျောင်း ဒေါ်အရိန်ခန်းမ၌ကျင်းပမည်ဖြစ်သည်။ အလှူငွေများကို ရန်ကုန်မြို့ ဦးလေးလွင် ဖုန်း-၀၉-၈၆-၁၀၇၂၂၊ ကိုထွန်းမြတ် ဖုန်း-၀၉-၅၀-၃၅၄၀၄၊ ကိုဖြိုးမင်းအေး ဖုန်း-၀၉-၅၁-၀၂၅၀၉၊ ၅၅၂၂၀၃၊ သာယာဝတီမြို့ ဦးဖေဝင်း ဖုန်း-၀၅၅-၃၀၆၇၀၊ ဒေါ်ကြည်ကြည်မြင့် (ကျောင်းအုပ်) ဖုန်း-၀၅၅-၃၀၁၇၀၊ ဦးမျိုးသန့်ချော ဖုန်း-၀၅၅-၃၀၈၀၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အမှာစကားပြောကြား

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ယင်းနောက် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနား ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လုံခြုံရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ လွတ်လပ်ရေးနေ့သဝဏ်လွှာ ပြုစုရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျန်းမာရေး ဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးနှင့်စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၁

၂၀၀၉ ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့်ဇုန်များ၌ ကျင်းပသည်။

ယှဉ်ပြိုင်ကစား

(က)အုပ်စု ရပခဇုန်(တောင်ကြီး)၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းနှင့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (ဂ)အသင်းတို့သည် တစ်ဖက် နှစ်ဂိုးစီ သရေဖြင့် လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းက အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ တပ်မတော်(ရေ) အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က) အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းက အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနစခန်းမှူးရုံးအသင်းက ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (က) အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန် (တောင်ငူ)၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၃၃) ခြေမြန်တပ်မ ဌာနချုပ်အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁

၂၀၁၀ခုနှစ်၊ မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းကို ထုတ်ပြန်ကြေညာလိုက်သည် -

၂၀၁၀ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း

ရက်စွဲ	အချိန်	ဘာသာရပ်များ
(၁)	(၂)	(၃)
၁၀-၃-၂၀၁၀ ဗုဒ္ဓဟူးနေ့	နံနက် (၉) နာရီ မှ (၁၂)နာရီ အထိ။	မြန်မာစာ
၁၁-၃-၂၀၁၀ ကြာသပတေးနေ့	နံနက် (၉) နာရီ မှ (၁၂)နာရီ အထိ။	အင်္ဂလိပ်စာ
၁၂-၃-၂၀၁၀ သောကြာနေ့	နံနက် (၉) နာရီ မှ (၁၂)နာရီ အထိ။	သင်္ချာ
၁၃-၃-၂၀၁၀ စနေနေ့	နံနက် (၉) နာရီ မှ (၁၂)နာရီ အထိ။	ဓာတုဗေဒ
၁၅-၃-၂၀၁၀ တနင်္လာနေ့	နံနက် (၉) နာရီ မှ (၁၂)နာရီ အထိ။	ရူပဗေဒ
၁၆-၃-၂၀၁၀ အင်္ဂါနေ့	နံနက် (၉) နာရီ မှ (၁၂)နာရီ အထိ။	ဇီဝဗေဒ / သမိုင်း
၁၇-၃-၂၀၁၀ ဗုဒ္ဓဟူးနေ့	နံနက် (၉) နာရီ မှ (၁၂)နာရီ အထိ။	ပထဝီဝင်
၁၈-၃-၂၀၁၀ ကြာသပတေးနေ့	နံနက် (၉) နာရီ မှ (၁၂)နာရီ အထိ။	ဘောဂဗေဒ
၁၉-၃-၂၀၁၀ သောကြာနေ့	နံနက်(၉) နာရီ မှ (၁၂)နာရီ အထိ။	စိတ်ကြိုက်မြန်မာစာ

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၁

ဟားခါးမြို့
၁ ဒီဂရီစင်တီဂရိတ်

လွိုင်လင်မြို့
၃ ဒီဂရီစင်တီဂရိတ်

မချမ်းဘောမြို့
၅ ဒီဂရီစင်တီဂရိတ်

နမ့်စန်မြို့
၇ ဒီဂရီစင်တီဂရိတ်

ပင်လောင်းမြို့
၇ ဒီဂရီစင်တီဂရိတ်

မင်းတပ်မြို့
၇ ဒီဂရီစင်တီဂရိတ်

အလိမ္မာ စာမှာရှိ

ပန္နရသမအကြိမ် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မဟာ ဘွဲ့နှင်းသိမ်မဏ္ဍပ်၌ကျင်းပသည့် သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပန္နရသမအကြိမ် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင် အခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

သီလဆောက်တည်

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဩဇောင်တုန်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ တိုင်းမှူး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများ၊ ဒါယကာ ဒါယိကာမများနှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အဓိပတိ ဆရာတော် ကိုယ်စား ဒုတိယအဓိပတိ ဩဇောင်တုန်းဆရာတော်နှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိတို့က သမ္ဗောဒနီယ ဩဝါဒကထာများ မြွက်ကြားချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဆရာတော်က ပန္နရသမအကြိမ် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်နှင့်စပ်လျဉ်း၍ လျှောက်ထားတော်မူသည်။

ဆက်လက်၍ တိုင်းမှူးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဝန်ကြီးက မဟာဘွဲ့နှင်းသဘင် အခမ်းအနားနှင့်စပ်လျဉ်း၍ လျှောက်ထားသည်။

လျှောက်ထား

ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဆရာတော်က တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌဆရာတော် ထံတွင် ပန္နရသမအကြိမ် သာသန တက္ကသီလ မဟာဘွဲ့နှင်းသဘင် အခမ်းအနား၌ ဘွဲ့ခံယူတော်မူကြမည့် ရဟန်းတော်များ၏ ဘွဲ့ယူစာရင်းကိုအတည်ပြု လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)မှ သာသနတက္ကသီလဓမ္မပါရဂူ (Ph.D) ဘွဲ့ခံရဟန်းတော်တစ်ပါးနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မှ သာသနတက္ကသီလ ဓမ္မပါရဂူ (Ph.D)ဘွဲ့ခံ ရဟန်း တစ်ပါးတို့က တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံတွင် ဘွဲ့လက်မှတ် ခံယူတော်မူကြသည်။

ကတိသစ္စာခံယူ

ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)နှင့် (မန္တလေး)တို့မှ သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့ခံ ရဟန်းတော် ၁၅ပါးနှင့် သာသနတက္ကသီလဓမ္မာစရိယဘွဲ့ခံ ရဟန်းတော် ၁၀၆ပါးတို့က ဆရာတော်ကြီးများထံတွင် ဘွဲ့လက်မှတ်များ ခံယူတော်မူကြပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိ ဩဇောင်တုန်း ဆရာတော်ရှေ့မှောက်၌ ဘွဲ့ခံရဟန်းတော်များက သာသနာပြု ကတိသစ္စာ ခံယူတော်မူကြသည်။

ဘွဲ့လက်မှတ်ခံယူ

ယင်းနောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်းဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့်တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးညိုမြို့ (အထက) အာစရိယပူဇော်မည်

မိုးညို ဒီဇင်ဘာ ၁

ပဲခူးတိုင်း မိုးညိုမြို့ (အထက)မှ အသက်(၆၀)ပြည့် အငြိမ်းစားယူသွားသော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို (၁၁)ကြိမ်မြောက် အဖြစ် အဆိုပါ ကျောင်းခန်းမ၌ ဒီဇင်ဘာ ၂၆ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးအုန်းဟန် ဖုန်း-၀၁-၅၆၆၂၂၁၊ ဦးကျော်စိုး ဖုန်း-၀၁-၂၁၁၃၃၂၊ ဦးတင်အောင်ခိုင် (မန္တလေး) ဖုန်း-၀၉-၂၀-၀၀၃၄၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကံထူးရှင်များထွက်ပေါ်

နေပြည်တော် ဒီဇင်ဘာ ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေ သိန်းဆုဌာနခွဲ၏ (၂၅၁)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ်သိန်း(၁၀၀၀)
ခ-၇၀၉၀၀၃

ကျပ်သိန်း(၅၀၀)
တ-၆၈၇၄၀၁

ကျပ်သိန်း(၃၀၀) ဆုများ
ဒ-၅၃၁၇၇၃ ဃ-၃၅၉၃၅၅

ကျပ်သိန်း(၂၀၀)ဆုများ
ဍ-၁၃၈၆၂၄ ဂ-၅၈၃၁၆၄
ထ-၇၆၆၈၉၄ ခ-၆၅၄၇၆၅
ဃ-၄၀၁၈၂၄

ကျပ်သိန်း (၁၀၀)
(မင်္ဂလာစုံတွဲ)ဆုမဲများ
န-၃၄၉၂၈၀ ဃ-၅၄၆၀၆၀
တ-၄၈၉၃၀၄ ဖ-၄၂၃၃၆၈
ဃ-၁၄၅၄၈၂ ဠ-၄၇၆၃၂၃
က-၃၂၀၈၂၆ န-၄၄၇၁၂၇
ဏ-၇၁၂၀၀၇ ခ-၇၆၅၆၄၃
ဠ-၉၀၀၉၅၆ ဓ-၉၀၁၃၀၈
စ-၅၁၂၈၇၂

(သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဒီဇင်ဘာ ၁

ဒီဇင်ဘာ ၁ရက် ညနေ ၆နာရီ ၁၃မိနစ် ၂၈စက္ကန့်တွင် ကမ္ဘာအေးမြေငလျင် တိုင်းထွာရေးစခန်းမှ အနောက်တောင်ဘက် မိုင် ၃၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ကပ္ပလီကျွန်းစု၊ အိန္ဒိယနိုင်ငံ) တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ ၁အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ အမျိုးသားရေးအသွင်ဖြင့် ဘက်ပေါင်းစုံမှ ပြည်သူတစ်ရပ်လုံးပါဝင် ကုသရေးနှင့်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁

ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်၍ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်းကျင်းပသည့် ၂၀၀၉ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် စနာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြဦးနှင့်ဒေါက်တာပိုင်စိုး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဆုရ ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာ၌ ကမ္ဘာတစ်ဝန်း ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် လှုပ်ရှားမှုများကို နှစ်စဉ် ဒီဇင်ဘာ ၁ရက်မှစ၍ ပထမရက်သတ္တပတ်အတွင်း ကျင်းပနေကြကြောင်း၊ နှစ်စဉ်အထိမ်းအမှတ်ဆောင်ပုဒ်များ ချမှတ်၍ ဆောင်ရွက်ခဲ့ရာ၌ ယခုနှစ် ဆောင်ပုဒ်မှာ "Stop AIDS. Keep the promise Avoid Stigma & Discrimination: Access to Services for Everyone" မြန်မာလို ""အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ ခွဲခြားမှုကို ရှောင်ကြဉ်လို့၊ အားလုံးပူးပေါင်းဆောင်ရွက်စို့"" ဖြစ်ကြောင်း။

တွန်းလှန်တိုက်ဖျက်

ယခုနှစ်ဆောင်ပုဒ်၏ ဦးတည်ချက်မှာ လွန်ခဲ့သောဆယ်စုနှစ် နှစ်ခုကျော်အတွင်း ကမ္ဘာတစ်ဝန်း ကပ်ရောဂါအသွင် ကူးစက်ပျံ့နှံ့ခဲ့သည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို မိမိတို့ နိုင်ငံအသီးသီး၌ရှိသော အကြီးအကဲများ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူများ၊ မိသားစုများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက ထက်သန်သည့် ဆန္ဒများ၊ နိုးကြားတက်ကြွသည့် စိတ်ဓာတ်များဖြင့် ထိရောက်စွာ တွန်းလှန်တိုက်ဖျက်ကြရန်ဖြစ်ကြောင်း၊ ဤကဲ့သို့ဆောင်ရွက်ရာတွင် အိတ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံရသူများ၊ အေအိုင်ဒီအက်စ်ဝေဒနာ ခံစားနေရသူများနှင့် ၎င်းတို့၏ မိသားစုများကို ခွဲခြား နှိမ့်ချဆက်ဆံမှုမရှိဘဲ နွေးထွေးကြည်ဖြူစွာ လူသားချင်းကိုယ်ချင်းစာနာပြီး လက်တွဲကူညီပံ့ပိုး ပြုစုစောင့်ရှောက်ပေးကြရန် တိုက်တွန်းထားခြင်း ဖြစ်ကြောင်း။

၁၉၈၁ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည့် အိတ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ပျံ့နှံ့မှုမှာ ယခုအခါ ကမ္ဘာတစ်ဝန်း အတိုင်းအတာအနေဖြင့် ၂၀၀၈ခုနှစ်၌ လူပေါင်း ၃၃သန်းခန့်သည် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါကူးစက်မှုကိုခံစားနေရပြီး နှစ်သန်းခန့် သေဆုံးခဲ့ရကြောင်း၊ ရောဂါကူးစက်ခံရသူအားလုံး၏ ထက်ဝက်နီးပါးမှာ အမျိုးသမီးများဖြစ်ကြကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ အသက် ၁၅နှစ်မှ ၄၉နှစ်ကြား အရွယ်သေဆုံးကြသူများသည် အေအိုင်ဒီအက်စ်ရောဂါကြောင့် အများဆုံးသေဆုံးရကြောင်း၊ အေအိုင်ဒီအက်စ်ရောဂါကြောင့် အချို့နိုင်ငံ

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို UNFPA မှ ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel-Ahad ဖတ်ကြားစဉ်။ (သတင်းစဉ်)

များ၏ လူ့သက်တမ်းသည် လျော့နည်းလာသည်ဟု သိရှိရပါကြောင်း။

အိတ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံရသူများကို နှိမ့်ချ ခွဲခြားဆက်ဆံမှုကြောင့် နောက်ဖြစ်ပေါ်လာမည့် ဆိုးကျိုးများသည် ပြည်သူ့ကျန်းမာရေးသာမက နိုင်ငံအသီးသီး၏ လူမှုရေး၊စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်လာသည့်အခြေအနေများ ဖြစ်ပေါ်စေနိုင်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ကုလသမဂ္ဂ ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်များ (United Nations Millennium Development Goals) အမှတ်စဉ်(၆)ဖြစ်သည့် အေအိုင်ဒီအက်စ်ရောဂါ ကပ်ရောဂါအသွင် ကူးစက်ပျံ့နှံ့မှုကို ၂၀၁၅ခုနှစ်မှာ ရပ်တန့်သွားစေရန်နှင့် ကူးစက်မှုနှုန်း ကျဆင်းစေရန်အတွက် သတိပေးသည့်အနေဖြင့် ယခင်နှစ်၏ ဆောင်ပုဒ်ဖြစ်သော ""Stop AIDS. Keep the promise"" အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့ကို ယခုနှစ်တွင်လည်း ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအားလုံးသည် ကုလသမဂ္ဂ ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်များ ပြည့်မီရန် မိမိတို့ပေးအပ်ခဲ့သည့် ကတိကဝတ်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြရန် နှိုးဆော်တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံ၌လည်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၁၉၈၉ ခုနှစ်တွင် အမျိုးသားကျန်းမာရေးကော်မတီက ချမှတ်ပေးသော လမ်းညွှန်ချက်များနှင့်အညီ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့်တိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်သော ဝန်ကြီးဌာနများနှင့် ပြည်တွင်း လူမှုရေးအသင်းအဖွဲ့များဖြင့် ဖွဲ့စည်းခဲ့ပြီး ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များတွင်လည်း သက်ဆိုင်ရာ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးကော်မတီအသီးသီးကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံအတွင်း ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီနှင့် ငှက်ဖျားရောဂါများ ကာကွယ်တားဆီးရေးနှင့် ကုသရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် နီးနွယ်သည့် ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များကို ဖွဲ့စည်းထားပြီး ဆောင်ရွက်လျက်ရှိကြောင်း။

အကောင်အထည်ဖော်

ယခုအခါ မြန်မာနိုင်ငံ၌ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို အမျိုးသား မဟာဗျူဟာ စီမံကိန်း (၂၀၀၆-၂၀၁၀) National Strategic Plan on HIV/AIDS (2006-2010) နှင့်အညီ မဟာဗျူဟာ ၁၃ခု ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လိုအပ်သောငွေကြေးဆိုင်ရာ ကူညီထောက်ပံ့မှုကို နိုင်ငံတော်၊ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် Three Diseases Fund တို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်ကလည်း ဌာနပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုဖြင့် အဓိကလုပ်ငန်းစဉ်(၁၀)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အသိပေး ဆွေးနွေးတင်ပြခြင်း၊ ကျန်းမာရေး ပညာပေးလုပ်ငန်းများ၊ လိင်မှတစ်ဆင့် ကူးစက်သော ရောဂါများကို ထိရောက်စွာ စစ်ဆေးကုသရေးလုပ်ငန်းများ၊ အန္တရာယ်ကင်းသော သွေးသွင်းကုသမှုလုပ်ငန်းများကို တစ်နိုင်ငံလုံး ၃၂၅မြို့နယ်တွင် ဆောင်ရွက်လျက်ရှိကြောင်း၊ လိင်ဆက်ဆံမှုမှတစ်ဆင့် အိတ်ချ်အိုင်ဗွီပိုး ကူးစက်ပျံ့နှံ့မှု ကာကွယ်ရန်အတွက် ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့် ကွန်ဒုံးသုံးစွဲရေးလုပ်ငန်းကို မြို့နယ် ၁၇၀ တွင်လည်းကောင်း၊ ကိုယ်ဝန်ဆောင် မိခင်မှ သန္ဓေသားသို့ အိတ်ချ်အိုင်ဗွီပိုး ကူးစက်မှု ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ် ၁၇၀ နှင့် ဆေးရုံကြီး ၃၈ရုံ၌ လည်းကောင်း၊ အေအာရ်တီဆေးဖြင့် ကုသမှုကို ပြည်နယ်၊ တိုင်း ဆေးရုံကြီးများအပါအဝင် ဆေးရုံ ၂၃ရုံ၌လည်းကောင်း၊ အေအိုင်ဒီအက်စ်လူနာများအတွက် အိမ်တွင်းအခြေပြု ပြုစုကုသခြင်း လုပ်ငန်းများကိုလည်းကောင်း၊ မူးယစ်ဆေးဝါး သွေးကြောထဲထိုးသွင်းသူများကြား အိတ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ပျံ့နှံ့မှု ကာကွယ်ရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အကောင်အထည်ဖော် ဆောင်ရွက်မှုများ၏ ထိရောက်မှုကို သိရှိရန်အတွက်လည်း

ကုလသမဂ္ဂ အေအိုင်ဒီအက်စ် အစီအစဉ်၏ သဝဏ်လွှာကို UNAIDS မှ ဌာနေကိုယ်စားလှယ် Dr.Sun Gang ဖတ်ကြားစဉ်။
(သတင်းစဉ်)

ကွင်းဆင်းကြီးကြပ်ခြင်းနှင့် ဆန်းစစ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

ပါဝင်ဆောင်ရွက်

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးတွင် ပြည်တွင်း လူမှုရေးအသင်းအဖွဲ့ (National NGOs) ၁၈ဖွဲ့နှင့်သာမက ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ (UN Agencies) ခုနစ်ဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့ (International NGOs) ၂၂ ဖွဲ့ စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံ အေအိုင်ဒီအက်စ်ရောဂါ တားဆီးရေးစီမံချက် [ASEAN Task Force on AIDS (ATFOA)] တွင်လည်းကောင်း၊ မဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံများအတွင်း အိတ်ချ်အိုင်ဗွီပိုး ကူးစက်ပြန့်ပွားမှု တားဆီးရေး စီမံချက်၌ လည်းကောင်း၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၏ ဒေသဆိုင်ရာနှင့် ဗဟိုအဆင့် စီမံချက်လုပ်ငန်းများတွင်လည်းကောင်း၊ အိမ်နီးနားချင်း နိုင်ငံများနှင့် ပူးပေါင်း၍လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ကမ္ဘာတစ်ဝန်း အိမ်ထောင်ရှင်အမျိုးသမီးများတွင် အိတ်ချ်အိုင်ဗွီပိုးကူးစက်မှုပြန့်ပွားမှုရှိနေကြောင်း၊ ထို့ကြောင့် အမျိုးသမီးများအား အိတ်ချ်အိုင်ဗွီပိုးကူးစက်မှုမှ ကာကွယ်ပညာပေးရေးနှင့် ရောဂါပိုး ရှိသူများအား ပြုစုစောင့်ရှောက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသည် နီးနွယ်သော ဌာနဆိုင်ရာများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များနှင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဖြင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အမျိုးသမီးများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရေးအတွက်လည်း အသက်မွေးဝမ်းကျောင်း ပညာများ သင်ကြားပေးပြီး ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ အမျိုးသမီးများဘဝကို ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအဆင့်အတန်းများ မြင့်မားတိုးတက်လာစေရန် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ပေးမှုများ၊ လူမှောင်ခိုကုန်ကူးခံရခြင်းမှ ကာကွယ်ပေးမှုများ၊ လူမှောင်ခိုကုန်ကူးခံရသူ အမျိုးသမီးများအား အဘက်ဘက်မှ ကူညီစောင့်ရှောက်ပံ့ပိုးပေးလျက်ရှိသည်ကလည်း တစ်ဖက်တစ်လမ်းက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်စောင့်ရှောက်ရေးကို ကူညီပံ့ပိုးပေးရာရောက်ကြောင်း။

ပြုစုစောင့်ရှောက်

မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါလုပ်ငန်းများကို သုံးသပ်ကြည့်မည်ဆိုလျှင် ပြည်သူလူထုသာမက ရောဂါကူးစက်မှု များပြားနိုင်သည့် ဦးတည်အုပ်စုများအတွက်ပါ အပြုအမူပြောင်းလဲစေရန် ရည်ရွယ်သည့် ရောဂါကာကွယ်ရေး ပညာပေးလုပ်ငန်းများ၊ အေအိုင်ဒီအက်စ်ရောဂါ လူနာများတွင် အဖြစ်များသော တီဘီရောဂါ အပါအဝင် အခြားအခွင့်အရေးယူဝင်ရောက်လာသည့် ရောဂါကုသရေးလုပ်ငန်းများ၊ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူများ၊ အေအိုင်ဒီအက်စ်လူနာများနှင့် မိသားစုများအတွက် ""ပြည်သူလူထုအခြေပြု"" ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ စသည့် ဘက်ပေါင်းစုံပါဝင်သော၊ ပြီးပြည့်စုံသော ကာကွယ်ကုသပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အိတ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ပြန့်ပွားမှုသည် ၂၀၀၀ပြည့်နှစ်နောက်ပိုင်းမှစပြီး တဖြည်းဖြည်းလျော့နည်းလာရာတွင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ၂၀၀၉ခုနှစ်၊ အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့သည့် (HIV/AIDS Projection and Estimation Workshop)၌ တွေ့ရှိချက်များအရ အိတ်ချ်အိုင်ဗွီ ပြန့်ပွားနှုန်းသည် ၂၀၀၀ ပြည့်နှစ်တွင် ဝဒသမ၉၄ရာခိုင်နှုန်းရှိရာမှ ၂၀၀၉ခုနှစ်တွင် ဝဒသမ၆၁ ရာခိုင်နှုန်းသို့ လျော့နည်းလာသည်ကို တွေ့ရကြောင်း။

ထိရောက်အောင်မြင်

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်ရေး၊ ကုသရေး၊ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်နိုင်ရန်အတွက် အိတ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံရသူများနှင့် အေအိုင်ဒီအက်စ် ဝေဒနာရှင်မိသားစုများအားလုံး လက်လှမ်းမီစေရန် ယခုနှစ် ဆောင်ပုဒ်နှင့်အညီ နှိမ့်ချခွဲခြားဆက်ဆံမှုကို ရှောင်ကြဉ်ကြရန် လိုကြောင်း၊ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အမျိုးသားရေးအသွင်ဖြင့် ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံမှ ပြည်သူတစ်ရပ်လုံး ပါဝင်စေရေး၊ နီးနွယ်သော ဝန်ကြီးဌာနများအားလုံး ပါဝင်ဆောင်ရွက်ရေး၊ အနုပညာရှင်များ ပူးပေါင်းဆောင်ရွက်ရေးတို့သည် အဓိက ကျလှကြောင်း၊ ထို့ကြောင့် နှိမ့်ချခွဲခြားဆက်ဆံမှုကို လျော့နည်းစေမည့် နည်းလမ်းများဖြင့် အိတ်ချ်အိုင်ဗွီရောဂါ ကာကွယ်ရေး၊ ကုသရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်အောင် ပူးပေါင်းဆောင်ရွက်သွားဖို့ရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အစီအစဉ်များ ဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်ကြသည့် ဌာနဆိုင်ရာများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ လူမှုရေးအသင်းအဖွဲ့များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို ကျေးဇူး အထူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် လာမည့်နှစ်များအတွင်း အိတ်ချ်အိုင်ဗွီပိုး ကူးစက်ပျံ့နှံ့မှု လျော့နည်းသွားစေရန်၊ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူများအား ပိုမို ထိရောက်စွာ ကုသပေးနိုင်စေရန်၊ အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူနှင့် ၎င်းတို့၏ မိသားစုများအား ခွဲခြားနှိမ့်ချမှုကို ရှောင်ကြဉ်ကာ နွေးထွေးကြည်ဖြူစာနာစွာဖြင့် လက်တွဲကူညီစောင့်ရှောက်ပေးကြပါရန်နှင့် အေအိုင်ဒီအက်စ်ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများကို လျော့နည်းသွားစေရန် အားလုံးပူးပေါင်း၍ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တိုက်ဖျက်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ဟု မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏သဝဏ်လွှာကို UNFPA မှ ဌာနေကိုယ်စားလှယ် Mr.Mohamed Abdel-Ahad က ဖတ်ကြားသည်။

ဖတ်ကြား

ယင်းနောက် ကုလသမဂ္ဂ အေအိုင်ဒီအက်စ် အစီအစဉ်၏ သဝဏ်လွှာကို UNAIDS မှ ဌာနေကိုယ်စားလှယ် Dr. Sun Gang က ဖတ်ကြားသည်။

ဆက်လက်၍ ၂၀၀၉ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရ ကျောင်းသား ကျောင်းသူများအား သဘာပတိ ဝန်ကြီး ဒေါက်တာကျော်မြင့်က ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုးတို့က အခြေခံပညာ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရ ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ အခြေခံပညာ မူလတန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရ ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)မှ ဌာနေကိုယ်စားလှယ် Mr.Mohamed Abdel-Ahad နှင့် ကုလသမဂ္ဂ အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးအစီအစဉ်မှ ဌာနေကိုယ်စားလှယ် Dr. Sun Gang တို့က အခြေခံပညာ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် တတိယဆုနှင့် နှစ်သိမ့်ဆုရ ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ အခြေခံပညာ မူလတန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် တတိယဆုနှင့် နှစ်သိမ့်ဆုရ ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသော ၂၀၀၉ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

၂၀၀၉ ခုနှစ် ဥရောပအကောင်းဆုံးဆု မက်ဆီဆွတ်ခူး

☆ မောင်မောင်မြင့်ဆွေရေးသား၍ လှိုင်လှိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည် ☆

လန်ဒန် ဒီဇင်ဘာ ၁

၂၀၀၉ ခုနှစ်ရဲ့ ဥရောပအကောင်းဆုံးဘောလုံးသမားဆုအတွက် အာဂျင်တီးနားနဲ့ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီကို ပြင်သစ်ဘောလုံးမဂ္ဂဇင်းက ကမကထပြုလုပ်တဲ့ အားကစားကလောင်ရှင်တွေက ဒီဇင်ဘာ ၁ရက်မှာ ရွေးချယ်လိုက်ပြီဖြစ်ပါတယ်။

မက်ဆီဟာ ပြီးခဲ့တဲ့ ၂၀၀၈ခုနှစ်က ဥရောပအကောင်းဆုံးနဲ့ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရရှိခဲ့တဲ့ စီရိုနယ်ဒိုကို ကျော်ဖြတ်ပြီး ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့တာ ဖြစ်ပါတယ်။ စီရိုနယ်ဒိုကတော့ ဒုတိယနေရာနဲ့ပဲ ကျေနပ်ခဲ့ရပါတယ်။

ရရှိ

မက်ဆီဟာ ဥရောပအကောင်းဆုံး ဘောလုံးသမားဆုရရှိခဲ့တာဟာ ပြီးခဲ့တဲ့ လေးနှစ်က ရော်နယ်ဒင်ဟို ဥရောပအကောင်းဆုံး ဘောလုံးသမားဆုရရှိပြီးနောက် ဘာစီလိုနာ ဘောလုံးသမားတစ်ဦးအနေနဲ့ ဥရောပအကောင်းဆုံး ဘောလုံးသမားဆုကို ထပ်မံ ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ဥရောပအကောင်းဆုံး ဘောလုံးသမားဆု ရရှိခဲ့တဲ့ ဘာစီလိုနာ ကစားသမားများရဲ့ ခြောက်ဦးမြောက် ဘောလုံးသမားလည်း ဖြစ်လာပါတယ်။

ပထမဆုံး

မက်ဆီ အခုလို ဥရောပအကောင်းဆုံး ဘောလုံးသမားဆု ရရှိခြင်းဟာ အာဂျင်တီးနား ဘောလုံးသမားတွေထဲမှာတော့ ပထမဆုံးဖြစ်လာပါတယ်။ ဒီဆုရရှိခြင်းဟာ ကျွန်တော့်ဘဝအတွက် အရေးကြီးသလို ဘာစီလိုနာရဲ့ဂုဏ်ကိုလည်း မြှင့်တင်ပေးနိုင်ခြင်းဖြစ်ပါတယ်လို့ မက်ဆီက ပြောကြားခဲ့ပါတယ်။

ဂုဏ်ယူဝမ်းမြောက်

ဒါ့အပြင် အာဂျင်တီးနား ဘောလုံးသမားတွေထဲမှာ ပထမဆုံး ဥရောပအကောင်းဆုံးဘောလုံးသမားဆုရရှိတာမို့ ဂုဏ်ယူဝမ်းမြောက်ရသလို ဘာစီလိုနာအတွက် ရယူပေးအပ်နိုင်ခဲ့လို့ ဝမ်းမြောက်မိပါတယ်လို့ မက်ဆီက ပြောကြားခဲ့ပါတယ်။

စာချုပ်ထား

ဘာစီလိုနာအသင်းဟာ မက်ဆီကို ၂၀၁၆ခုနှစ်အထိ စာချုပ်ထားပြီး မက်ဆီကို ဝယ်ယူလိုရင် ပြောင်းရွှေ့ကြေးပေါင် ၂၂၈ သန်းပေးရမယ်လို့ ဆိုနေပါတယ်။ မက်ဆီဟာ ဘာစီလိုနာအသင်းကို ပြီးခဲ့တဲ့နှစ်က ချန်ပီယံလိဂ်ဖလားရယူနိုင်အောင် အဓိကစွမ်းဆောင်ပေးခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ ချန်ပီယံလိဂ်မှာ စုစုပေါင်း ကိုးဂိုးသွင်းယူခဲ့လို့ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။

ဂိုးသွင်း

မက်ဆီဟာ ပြီးခဲ့တဲ့နှစ်က လာလီဂါမှာ ဘာစီလိုနာအတွက် စုစုပေါင်း ၂၃ ဂိုး သွင်းယူပေးခဲ့ပြီး စပိန်ဘုရင့်ဖလားဘောလုံးပြိုင်ပွဲမှာ ခြောက်ဂိုးသွင်းယူပေးနိုင် ခဲ့ပါတယ်။ ဒါ့အပြင် ၂၀၀၉ ခုနှစ်ရဲ့ ကမ္ဘာ့အကောင်းဆုံးဘောလုံးအသင်းမှာလည်း တိုက်စစ်မှူးအဖြစ် ရွေးချယ်ခြင်း ခံထားရသူလည်းဖြစ်ပါတယ်။

ဥရောပအကောင်းဆုံး ဘောလုံးသမားဆုရွေးချယ်မဲပေးတဲ့အခါ မက်ဆီက ၄၇၃ မဲ၊ စီရိုနယ်ဒိုက ၂၃၃ မဲ၊ ဇာဗီက ၁၇၀ မဲ၊ အင်နီယေစတာက ၁၄၉ မဲ အသီးသီးရရှိခဲ့ကြပါတယ်။ အီတူးနဲ့ ကာကာတို့ကတော့ မဲအနည်းငယ်သာရရှိပြီး ပဥ္စမနေရာသာ ရရှိခဲ့သလို ရွှန်နေက အဋ္ဌမနဲ့ ဒရော့ဘာက နဝမနေရာသာ ရရှိခဲ့ကြပါတယ်။

သေချာ

၂၀၀၉ခုနှစ် ဥရောပအကောင်းဆုံး ဘောလုံးသမားဆုကို မက်ဆီရရှိခဲ့ပြီမို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ရဲ့ ၂၀၀၉ ခုနှစ် အကောင်းဆုံးဘောလုံးသမားဆုကို မက်ဆီပဲ ရရှိဖို့သေချာလုနီးပါးဖြစ်နေကြောင်း ဥရောပအားကစားကလောင်ရှင်တွေက ပြောကြားနေပါကြောင်း။ ။

ကိုးကား-အင်တာနက်

အာဆင်နယ်ဖလားမျှော်လင့်ချက်ရှိဆဲ နည်းပြအာစင်ဝင်းဂါးပြောကြား

လန်ဒန် ဒီဇင်ဘာ ၁

အာဆင်နယ်အသင်းသည် ချယ်လ်ဆီး အသင်းကို သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဖလားဆွတ်ခူးနိုင်ခြေ ရှိနေဆဲပင် ဖြစ်ကြောင်း နည်းပြအာစင်ဝင်းဂါးက ပြောကြားလိုက်သည်။

စတုတ္ထနေရာ

၂၀၀၄ ခုနှစ်က ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့သော အာဆင်နယ်အသင်းသည် အမှတ်ပေးဇယားထိပ်ဆုံးရောက် ချယ်လ်ဆီး အသင်းနောက်မှ (၁၁)မှတ်အကွာမှာ လိုက်နေပြီး အမှတ်ပေးဇယား စတုတ္ထနေရာ၌ ရှိနေကြောင်း၊ ဖလားဆွတ်ခူးနိုင်သည့် အခွင့်အလမ်းမပြီးဆုံးသေးကြောင်း အာစင်ဝင်းဂါးက ပြောကြားသည်။

မိမိ၏ အာဆင်နယ်အသင်းသည် တောင့်တင်းခိုင်မာသည့်အသင်းဖြစ်ကြောင်း၊ လာမည့်ပွဲစဉ်များကို အနိုင်ကစားသွားမည်ဖြစ်ကြောင်း ၄င်းက ပြောကြားသည်။

(အင်တာနက်)

အက်ဖ်အေဖလား တတိယအကျော့ပြိုင်ပွဲ ချယ်လ်ဆီးနှင့်ဝက်ဖို့ဒ်တွေ့မည်

လန်ဒန် ဒီဇင်ဘာ ၁

အက်ဖ်အေ တတိယ အကျော့ပွဲစဉ်များကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်း(အပေါ်ပုံ)က ဝက်ဖို့ဒ်အသင်းကို အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်သည်။

အက်ဖ်အေဖလား (၁၀)ကြိမ်ဆွတ်ခူးနိုင်ခဲ့သော အာဆင်နယ်က ဝက်စ်ဟမ်းကွင်းသို့သွားရောက်ကစားရမည်ဖြစ်သည်။ ထိုအတောအတွင်း လီဗာပူးက ရက်ဒင်းနှင့်တွေ့မည်ဖြစ်သည်။ အက်စ်တွန်ဗီလာအသင်းက ဘလက်ဘန်းကို လက်ခံကစားရမည်ဖြစ်သည်။

အခြားပြိုင်ပွဲ

အခြားသော ယှဉ်ပြိုင်မည့် ပြိုင်ပွဲများမှာ မန်စီးတီးနှင့် မစ်ဒယ်ဘရော့စပါးနှင့် ပီတာဘိုရပ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ မန်ယူက ကက်သရင်းတောင်း သို့မဟုတ် လိဒ်ယူနိုက်တက်နှင့် ကစားရမည်ဖြစ်သည်။

အဆိုပါ အက်ဖ်အေဖလား တတိယအကျော့ပွဲစဉ်များကို လာမည့် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက်နှင့် ၃ရက်တို့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ကမ္ဘာ့တင်းနစ် ချန်ပီယံပြိုင်ပွဲ ဒေဗီဒန်ကို ဖလားဆွတ်ခူး

လန်ဒန် ဒီဇင်ဘာ ၁

နီကိုလေးဒေဗီဒန်ကိုသည် လန်ဒန်မြို့၌ ကျင်းပသော ကမ္ဘာ့တင်းနစ်ချန်ပီယံပြိုင်ပွဲ ဗိုလ်လုပွဲတွင် အာဂျင်တီးနားတင်းနစ်ကစားသမား မာတင်ဒယ်ပိုထရိုအား အနိုင်ရပြီးနောက် ပထမဆုံးသော အေတီပီ ကမ္ဘာ့ ချန်ပီယံတင်းနစ်ဖလား ဆွတ်ခူးနိုင်သော ရုရှားနိုင်ငံသားဖြစ်လာသည်။

ဆွတ်ခူးရရှိ

အသက် ၂၈နှစ်ရှိ ရုရှားတင်းနစ်ကစားသမား ဒေဗီဒန်ကိုသည် ယူအက်စ် အိုးပင်းချန်ပီယံ ဒယ်ပိုထရိုအား ၆-၃၊ ၆-၄ဖြင့် အနိုင်ရပြီးနောက် ဆုဖလားနှင့်အတူ ဆုကြေးငွေ ပေါင် ၉၀၀၀၀၀ ဆွတ်ခူးရရှိသွားသည်။ ယင်းဖလားသည်

ဒေဗီဒန်ကို၏ တင်းနစ်ကစားသမား ဘဝ သက်တမ်း တစ်လျှောက် အကြီးမားဆုံးသော ဆုဖလားကြီးဖြစ်သည်။

ဒေဗီဒန်ကိုသည် အဆိုပါကမ္ဘာ့ချန်ပီယံ ဗိုလ်လုပွဲသို့ နာမည်ကြီးတင်းနစ်ကစားသမားများဖြစ်ကြသော ရာဖေးလ်နာဒယ်၊ ရိုဘင်ဆိုဒါလင်း၊ ရော်ဂျာဖက်ဒဲယားတို့ကို နိုင်ပြီး တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

မြင့်မောင်စိုး - စုစည်းသည်

ချယ်လ်ဆီး ဖလားဆွတ်ခူးနိုင်ဖွယ်ရှိ

လန်ဒန် ဒီဇင်ဘာ ၁

ချယ်လ်ဆီးအသင်းသည် သုံးနှစ်သုံးမိုး ပရီမီယာလိဂ်ဖလား ပြန်လည်ဆွတ်ခူးနိုင်ရန်စောင့်ဆိုင်းနေရာမှ ဆွတ်ခူးနိုင်ခြေ အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း တိုက်စစ်မှူးဒရော့ဘာက ပြောကြားလိုက်သည်။

ချယ်လ်ဆီးသည် ပွဲစဉ်(၁၄)အပြီး အမှတ်ပေးဇယားကို ငါးမှတ်အကွာဖြင့် ဦးဆောင်နိုင်ပြီဖြစ်ကြောင်း၊ ဖလားဆွတ်ခူးနိုင်မည့် အခွင့်အလမ်းရှိနေပြီဖြစ်ကြောင်း တိုက်စစ်မှူးဒရော့ဘာက ပြောကြားသည်။

တိုက်စစ်မှူးဒရော့ဘာသည် ပြီးခဲ့သော ပရီမီယာလိဂ်ပြိုင်ပွဲတွင် အာဆင်နယ်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိရာ၌ နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဒရော့ဘာသည် ယခုနှစ်ပရီမီယာလိဂ်တွင် ချယ်လ်ဆီးအသင်းအတွက် ၁၁ဂိုးသွင်းယူပေးထားသူဖြစ်သည်။ **(အင်တာနက်)**

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

စပါးတိုက်စစ်မှူး ပက်ဗလူချင်ကို ရိုးမားသို့ ပြောင်းရွှေ့ရေးဆွေးနွေး

စပါးအသင်းတွင် နေရာမရဖြစ်နေသော ရုရှားနှင့် စပါး တိုက်စစ်မှူး ပက်ဗလူချင်ကိုသည် စီးရီးအေ ထိပ်သီးအသင်းတစ်သင်းဖြစ်သည့် ရိုးမားနှင့် ပြောဆိုဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ၄င်း၏အေးဂျင့် အိုလီဗာဝင်းဒ်က ပြောကြားလိုက်သည်။

ခံစစ်မှူး မီကာရစ်ချတ်အား ရောင်းချလျှင် မန်ယူအသင်းက ဝယ်ယူမည်ဟုဆို

မန်စီးတီးအသင်းအနေဖြင့် ၄င်းအသင်းနှင့် အံဝင်ခွင်ကျမဖြစ်သော ခံစစ်မှူး မီကာရစ်ချတ်အား ရောင်းချရန်ဆုံးဖြတ်ပါက မန်ယူခေါ်ယူမည်ဟု ဆိုသည်။

လာမည့် အပြောင်းအရွှေ့ဈေးကွက်တွင် ကစားသမားများ ချယ်လ်ဆီးခေါ်မည်မဟုတ်

ချယ်လ်ဆီးအသင်းတွင် ဒဏ်ရာရရှိမှုများ မရှိပါက လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်တွင် ကစားသမားအသစ်များ ခေါ်ယူစာချုပ်ချုပ်မည် မဟုတ်ကြောင်း ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ထုတ်ဖော်ပြောကြားသည်။

ဝက်စ်ဟမ်း ဂိုးသမား ရောဘတ်ဂရီးအား ပေါင် ငါးသန်းရလျှင် ရောင်းထုတ်မည်ဟုဆို

အင်္ဂလန်လက်ရွေးစင်အသင်းနှင့် ဝက်စ်ဟမ်းအသင်း ဂိုးသမား ရောဘတ်ဂရီးအား ပေါင်ငါးသန်းဝန်းကျင်ခန့် ရရှိပါက ထုတ်ရောင်းမည်ဟု ငွေကြေးအကျပ်အတည်းကြုံနေသော ဝက်စ်ဟမ်းအသင်းက ဆိုသည်။

ဗီလာကွင်းလယ်ကစားသမား ကာရစ်ဂါဒနာအား ဝူလ်ဗာဟမ်တန် မျက်စိကျနေ

ဝူလ်ဗာဟမ်တန်အသင်းသည် အက်စ်တွန်ဗီလာအသင်းမှ ပေါင်သုံးသန်းတန် အင်္ဂလန် ၂၁နှစ်အောက် လက်ရွေးစင် ကွင်းလယ်ကစားသမား ကာရစ်ဂါဒနာအား ခေါ်ယူရန် မျက်စိကျနေသည်။

ပလိုင်းမောက်ကွင်းလယ်ကစားသမား အာဆင်နယ် ခေါ်ယူရန် စိတ်ဝင်စား

အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်အသင်းများက စိတ်ဝင်စားနေသော ပလိုင်းမောက်အသင်းမှ အသက် ၁၅နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား လူငယ်ကြယ်ပွင့် ဒင်နီယယ်ဟတ်အား ခေါ်ယူရန် ကြိုးစားနေသည်။

တိုက်စစ်မှူး ဒန်ကိုလာဇိုဗစ်အား အဲဗာတန်နည်းပြ ခေါ်ယူရန်ကြိုးစား

အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်သည် စတန်းဒတ်လိဂ်အသင်းတွင် ကစားနေသော ဆားဘီးယားနိုင်ငံသား မီလန်ဂျိုဗာနိုဗစ်အား ခေါ်ယူရေးကို လက်လျှော့ခဲ့ပြီးနောက် ပီအက်စ်ဗွီအိုင့်ဟိုဗင်အသင်းမှ တိုက်စစ်မှူး ဒန်ကိုလာဇိုဗစ်အား ခေါ်ယူရန် ကြိုးပမ်းနေသည်။

လာမည့်ရာသီ၌ ကစားသမားသစ်များခေါ်ယူမည်ဟု ပို့စ်မောက်နည်းပြသစ်ဂရန့် ပြောကြား

ပို့စ်မောက်အသင်းကို အင်အားတောင့်တင်းစေရန်အတွက် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ ဈေးကွက်တွင် ကစားသမားသစ်များကို ရှာဖွေခေါ်ယူမည်ဖြစ်ပြီး ယခုရာသီတွင် တန်းမဆင်းရရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပို့စ်မောက်နည်းပြသစ်ဂရန့်က ပြောကြားလိုက်သည်။

တင်းနစ်အကျော်အမော် ဆီရီနာဝီလျံ တင်းနစ်ပြိုင်ပွဲယှဉ်ပြိုင်ခွင့် သုံးနှစ်ပိတ်ပင်ခံရ

အမေရိကန်တင်းနစ်အကျော်အမော် ဆီရီနာဝီလျံသည် ပြီးခဲ့သည့် စက်တင်ဘာလက မြက်ခင်းပြင်တင်းနစ်ပြိုင်ပွဲ၌ စည်းကြပ်ဒိုင်လူကြီးအား မချေမငံ ပြောဆိုမှုဖြင့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားခွင့် သုံးနှစ်ပိတ်ပင်ခံခဲ့ရပြီး ဒဏ်ငွေ စုစုပေါင်း ပေါင် ၅၃၀၀၀ ဒဏ်ရိုက်ခံရကြောင်း သတင်း၌ဖော်ပြသည်။

2-12 (11).pmd 1 12/2/2009, 1:03 PM

မိုးကုတ်မြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စလောင်းနှင့် အလှူငွေများပေးအပ်လှူဒါန်း

မိုးကုတ် ဒီဇင်ဘာ ၁

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် တပ်ဆင်အသုံးပြုရန် DTH စလောင်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ၁၂ရက် နံနက်၁၀နာရီက မိုးကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ အခမ်းအနားတွင် မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက အမှာစကားပြောကြားပြီး DTH စလောင်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်ထံ စုပေါင်းပေးအပ်လှူဒါန်းသည်။ (ယာပုံ)

ဆက်လက်၍ ရွှေညောင်ပင်ကျေးရွာ စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် နိုင်ငံတော်မှမတည်ငွေအား ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေက ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌက လက်ခံယူကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ပုဇွန်တောင်အထက(၂) ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁

အထက(၂) ပုဇွန်တောင်တွင် ၁၉၆၆ ခုနှစ်မှ၁၉၈၂ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော သက်ပြည့်အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများ၏ ပဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၂၉ ရက်က အဆိုပါကျောင်း တေဇခန်းမဆောင်၌ ကျင်းပရာ အပူဇော်ခံဆရာကြီး ဦးလှဖေနှင့် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ကြီးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ပစ္စည်းပေးအပ်

ဆက်လက်၍ အပူဇော်ခံ ဆရာကြီး ဆရာမကြီး ၃၅ဦးအား ကန်တော့ လက်ဆောင်ပစ္စည်းပေးအပ်၍ ပူဇော်ကန်တော့ကြပြီး(ယာပုံ) ကျောင်းရန်ပုံငွေအတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ခင်ထံ ပေးအပ်လှူဒါန်းရာ ဆရာမကြီး ဒေါ်သန်းတင်အောင်က သြဝါဒစကားပြောကြားသည်။

ထို့နောက် တွဲဖက်ဘဏ္ဍာရေးမှူး ဦးအောင်ခင်က ငွေစာရင်းရှင်းတမ်းကို တင်ပြပြီး အတွင်းရေးမှူး ဦးထွန်းဇော်က ရငွေ၊ သုံးငွေစာရင်းချုပ်နှင့် ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ဝင်စာရင်းကို အတည်ပြုချက်ရယူကြသည်။ (မြို့နယ် ပြန်/ဆက်)

သစ်တောရေးရာ ဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းဌာန လက်အောက်ရှိ စက်ရုံအလုပ်ရုံ(၁၁)ရုံမှ သီးသန့်မီးသတ်မွမ်းမံသင်တန်းဆင်းပွဲကို အလုံမြို့နယ် အမှတ်(၁/၂/၃)ပရိဘောဂစက်ရုံဝင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကား ပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

အထက(၃)အင်းစိန် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁

အထက(၃) အင်းစိန်တွင် ၁၉၅၃ ခုနှစ် မှ၂၀၀၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ပြီး အသက်(၆၀)ပြည့် အငြိမ်းစားယူခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆရာကြီး ဆရာမကြီးများနှင့်ကျောင်းသားကျောင်းသူဟောင်းများ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးစိုးရင် အထက(၃) ကျောင်းအုပ်ကြီး ဖုန်း-၆၄၀၄၅၂၊ ဦးသောင်းဌေး ဖုန်း-၆၄၅၅၀၃၊ ဦးစန်းမောင် ဖုန်း-၆၄၅၈၅၅၊ ဦးအောင်သွေး ဖုန်း-၆၄၂၇၉၅၊၀၉-၈၆-၂၇၇၁၊ ဦးစိုးမြင့် ဖုန်း-၇၀၀၃၅၈၊ ဗိုလ်မှူးတင်ထွန်း ဖုန်း-၀၉-၈၅-၅၁၀၀၀၊ဗိုလ်မှူးသန်းဝင်း ဖုန်း-၀၉-၈၅-၆၈၆၁၄၊ ဒေါ်ခင်မြဦး ဖုန်း-၆၄၆၁၂၆၊ ဒေါ်အေးအေးမော်၊ ဒေါ်ဆွေလေးမြင့် ဖုန်း- ၆၄၀၄၅၂နှင့် ဒေါ်ဌေးဌေးမြင့် ဖုန်း-၀၉-၅၀-၆၇၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ဆင်ဘိုမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းဖွင့်

ဆင်ဘို ဒီဇင်ဘာ ၁

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းအမှတ်စဉ် (၄/၂၀၀၉)ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၆ရက်နံနက်၉နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။ အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်းနိုင်က အမှာစကားပြောကြားပြီး သင်တန်းကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိုးစိုးသက်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုပြောကြားသည်။ သင်တန်းသို့ ရပ်ကွက်အသီးသီးမှ သင်တန်းသား ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ လေးပတ်ကြာမြင့်မည်ဖြစ်သည်။ (မြို့နယ် ပြန်/ဆက်)

နိုဝင်ဘာ ၂၄ ရက်က မောင်တင်အောင်ဟိန်းနှင့် မသီရိဝေတို့၏မင်္ဂလာဦး အလှူအဖြစ် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

သဃ်န်းကျွန်းမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး စုပေါင်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်စီစဉ်မှုဖြင့် မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် နိုဝင်ဘာ ၂၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးညဏ်ထွန်းနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ င/က ရပ်ကွက် ဥက္ကဋ္ဌ ဦးတင်ထွဋ်နှင့် အဖွဲ့ဝင်များ၊ ဒေသ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မီးဘေးကြိုတင်ကာကွယ် စစ်ဆေးရေးအဖွဲ့သည် လူနေအိမ် မီးဖိုသုံးစွဲနေရာများသို့ တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ကြောင်း သိရသည်။ (၁၂၁)

မြောက်ဥက္ကလာပမြို့နယ်မူလတန်းကျောင်းများသို့ စာအုပ်နှင့်စာရေးကိရိယာများပေးအပ်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁

အမျိုးသားပညာရည် မြင့်မားရေး၊ အခြေခံပညာကို လူတိုင်းသင်ယူနိုင်ခွင့်ရှိရေး၊ အခမဲ့ပညာသင်ကြားရေးစနစ်ကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် မြောက်ဥက္ကလာပမြို့နယ် ပညာရေးဇုန်အုပ်စု(၄)အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ ကိုဘ(ဥပဒေ) မိသားစု ပညာရေးရန်ပုံငွေ စီမံခန့်ခွဲမှု ကော်မတီက စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၈ ရက်က အမက(၂၇)ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ အမက(၃၃)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းကြည်နှင့် မြို့နယ်ပညာရေးမှူး ဦးစိန်ဝင်းတို့က အမှာစကားပြောကြားပြီး အေစီအေ ကျောင်းအုပ်ကြီး ဦးချိုအေးနှင့် MITC ကုမ္ပဏီ လီမိတက်မှ လူမှုဆက်ဆံရေးအရာရှိ ဦးရန်ကျော်တို့က ဂုဏ်ပြုစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် အမက(၈)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မူက အုပ်စု(၄) အတွင်းရှိ အမကကျောင်းများသို့ စာအုပ်နှင့် စာရေးကိရိယာများ ခွဲဝေလှူဒါန်းမည့် စာရင်းများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ စုစုပေါင်း ငွေကျပ် ၁၄၅၀၀၀၀ တန်ဖိုးရှိသော ဗလာစာအုပ် ၄၉၂ ဒါဇင်၊ ခဲတံ ၄၈၈ ဒါဇင်၊ ပေတံ ၂၄၄ ဒါဇင်နှင့်ခဲဖျက်၂၄၄ဒါဇင်တို့ကိုသက်ဆိုင်ရာ အမကကျောင်းအုပ်ဆရာမကြီးများသို့လည်းကောင်း၊ စုစုပေါင်းငွေကျပ် ၁၀၀၀၀၀ တန်ဖိုးရှိသော စကားပြောစင်နှင့် သုံးထပ်သားဘီတင်ပြားတို့ကို အမက(၂၇) ကျောင်းအုပ်ဆရာမကြီးသို့ လည်းကောင်း ကိုဘ(ဥပဒေ)မိသားစု ပညာရေးရန်ပုံငွေစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဘတင့်ဆွေက ပေးအပ်လှူဒါန်းသည်။ (ဝဲပုံ)

ရည်ရွယ်ချက်

ထို့နောက် ကိုဘ(ဥပဒေ)မိသားစု ပညာရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဘတင့်ဆွေက လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အုပ်စု(၄)အတွင်းရှိ အမကကျောင်းများ ကိုယ်စားအမက(၂၇)ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးထွန်းက အလှူရှင်များသို့ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (၁၁၈)

ပုလောမြို့ မြနန္ဒာလမ်းကတ္တရာခင်း

နိုဝင်ဘာ ၈ ရက်က ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော အမှတ်(၂)ရပ်ကွက် မြနန္ဒာလမ်း ကတ္တရာလမ်းခင်းဆောင်ရွက်မှု အခြေအနေကို မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်ငွေနှင့် အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကွမ်းလုံမြို့ မြို့ဦးစေတီလမ်း ကတ္တရာထပ်ပိုးလွှာခင်း

ကွမ်းလုံ ဒီဇင်ဘာ ၁

ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြငွေလုံးငွေရင်း လမ်းတံတားလုပ်ငန်းဖြစ်သော မြို့ဦးစေတီအတက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၀ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းဟန် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးမျိုးဇော်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကိုကိုဦးတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ***(မြို့နယ်စည်ပင်)***

ရာဇဝတ်ဘေးမို့ ပြေးမလွတ်ခဲ့

"သည်လင်သည်မယား အိုအောင်မင်းအောင် ပေါင်းကြရပါစေ"

လူကြီးသူမများ၏ ဆုတောင်းမေတ္တာစကားဖြစ်၏။

ထို့အတူ-

"စလယ်ဝင် ဖင်မည်းခင်က ကွဲကြ ပြဲကြသကိုး"

ဟူသော ဆိုရိုးစကားလည်းရှိ၏။

အလားတူ-

"လင်နှင့်မယား လျှာနှင့်သွား"ဆိုသည့် စကားပုံလည်းရှိသေး၏။

"သျှောင်နောက်ဆံထုံးပါစမြဲ"ဟူသော မြန်မာဆောင်ပုဒ်ကိုလည်း မှတ်သားမိကြမည်ထင်၏။

ဤသည်တို့ကား မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ကြားဖူးနားဝရှိနေသော မြန်မာ့နီတိများတည်း။

အမှန်စင်စစ်တွင်မူ လင်နှင့်မယား ဖြစ်လာလျှင် တစ်ဦးကိုတစ်ဦး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ၊ ယုယုယယ ရာသက်ပန်ရိုးမြေကျ ပေါင်းသင်းခြင်းသည်သာ မင်္ဂလာပါ။

မခွဲမခွာ

တစ်ဦးမေတ္တာ တစ်ဦးမှာ ထားကြမှသာလျှင် လူကြီးသူမတို့၏ ဩဝါဒဆိုစကားကဲ့သို့ အိုအောင်မင်းအောင် ပေါင်းသင်းကြရပေလိမ့်မည်။ ဦးဆွေးဆံမြည့် မခွဲမခွာ နေထိုင်သွားကြရပေလိမ့်မည်။

သို့သော် လင်နှင့်မယား တစ်သက်တာ ပေါင်းသင်းမနေဘဲ အိုးသစ်အိမ်သစ်နှင့် တစ်အိုးတစ်အိမ်နေကြဖို့ လမ်းခွဲကြသည်လည်း ရှိပါ၏။ နမူနာတွေအများကြီးရှိ၏။ ငါးစိမ်းကိုမြင်၍ ငါးကင်ကိုပစ်သည့်နည်းနှင့် စွန့်ခွာကြသည်ကိုး။

အသစ်တွေ့၍ အဟောင်းမေ့ချင်ကြသည်ပ။

ဤနေရာတွင် အနောက်တိုင်းက စိတ်ဝင်စားဖွယ် ဇနီးမောင်နှံ၏ ဖြစ်ရပ်တစ်ခုကို မီးမောင်းထိုးပြချင်၏။ သို့သော် နမူနာယူရန်ကားမဟုတ်။

ငြီးငွေ့လာ

သူတို့ဇနီးမောင်နှံက တစ်ဦးနှင့်တစ်ဦး အိုအောင်မင်းအောင် မပေါင်းနိုင်ကြ။ တစ်ပင်မလဲခင် တစ်ပင်ထူချင်ကြသည်။ အထူးသဖြင့် ခင်ပွန်းလုပ်သူက ဇနီးဖြစ်သူအပေါ် ငြီးငွေ့လာပုံရသည်။ အချစ်မေတ္တာကို လွှဲပြောင်းခံစားချင်လာသည်။ ငယ်ကချစ် အနှစ်တစ်ရာ ဖြစ်ရမည့်အစား လမ်းခုလတ်တွင် အချစ်တွေပြယ်ပြီး မေတ္တာတွေ ခန်းကုန်ပြီထင့်။

အသစ်ကိုတွေ့၍ အဟောင်းကိုမေ့ပြီဟု မှတ်ချက်ချသော် ရကောင်းအံ့။

ရှေးစကားနှင့်ပြောရသော် တစ်ချို့ကွယ်၍ တစ်မယ်မေ့သွားလေပြီလား စာကြောစရာပါ။

အချစ်ဟောင်းကိုရှင်းပြီး အချစ်သစ်နှင့်လင်းချင်သည် ဆိုကြပါစို့ရဲ့။

ဗြိတိသျှ အပျိုစင်ကျွန်းကလေးက ဖြစ်ရပ်တစ်ခုကို မီးမောင်းထိုးပြပါမည်။

၁၀နှစ်ကာလပင်ကြာညောင်းခဲ့လေပြီ။ ၁၉၉၉ခုနှစ်က အဖြစ်ကိုး။

ပြစ်ဒဏ်ချ

ရေငုပ်ကိရိယာဆိုင်ပိုင်ရှင်ဟောင်းတစ်ဦးဖြစ်သူက သူ့ဇနီးကို သတ်ဖြတ်ခဲ့သည့်အမှုပါ။ တရားခံဖြစ်သည့် ခင်ပွန်းဖြစ်သူကို တရားရုံးက ထောင်ဒဏ် ၂၅နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ချစ်ကြိုက်

ယင်းကဲ့သို့ မိမိ၏ဇနီးကို သတ်ဖြတ်လိုက်သည့် အကြောင်းရင်း ဇာစ်မြစ်မှာ အတိုချုံး၍ လိုရင်းကိုပြောရလျှင် နောက်အမျိုးသမီးတစ်ဦးနှင့် ရည်ငံလာခြင်းကြောင့်ဖြစ်၏။ ရှင်းရှင်းပြောရလျှင် နောက်အမျိုးသမီးတစ်ဦးနှင့် ချစ်ကြိုက်နေခြင်းကြောင့်။

ဇနီးကိုသတ်လိုက်သည့် ခင်ပွန်း၏အမည်က ဒေးဗစ်ဗစ်ဆွိုင်းတဲ့။ **(အပေါ်ပုံ)** သူ့အသက်က ၅၃နှစ်။ အသတ်ခံလိုက်ရသည့် ဇနီးအမည်က ရှယ်လီတာယာတဲ့။ သူမအသက်က ၄၆နှစ်။ ခင်ပွန်းရော ဇနီးပါအရွယ်ကောင်းတုန်းတွေချည်း။

သည်လူသတ်မှုက ဆယ်စုနှစ်တစ်စုကြာမှ အမှုမှန်ပေါ်သည့်အမှု။

လူသတ်မှု

တော်တိုလာပင်လယ်ကမ်းလွန်၌ နစ်မြုပ်သွားခဲ့သော သင်္ဘောပျက်အနီးတွင် သူတို့ဇနီးမောင်နှံ ရေငုပ်ကစားနေကြရင်း ဤလူသတ်မှု ဖြစ်လာခဲ့၏။

ပထမသော် ဗြိတိသျှပိုင်နယ်မြေ တော်တိုလာအာဏာပိုင်များက သေဆုံးသူ ရှယ်လီတာယာသည် သွေးရိုးသားရိုး ဓမ္မတာ

နိုင်ငံတကာမှုခင်း

အတိုင်း သေဆုံးခဲ့ခြင်းဖြစ်သည်ဟု မှတ်ချက်ချခဲ့သည်။ သို့သော် ၂၀၀၉ ခုနှစ်တွင်မူ အမေရိကန်ပြည်ထောင်စုတရားရုံးက ခင်ပွန်းဖြစ်သူ ဆွိုင်းကို ပြစ်ဒဏ်သတ်မှတ်လိုက်တော့သည်။

တင်ကူးကြံရွယ်

ဆွိုင်းကို ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်လိုက်၏။ တရားသူကြီးက ထိုအမှုသည် တင်ကူးကြံရွယ်ကျူးလွန်ခဲ့သည့် အမှုဟုယူဆပြီး အမှုကိုစစ်ဆေးရာမှ အမှုမှန်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

မှတ်ချက်ချ

ထိုလူသတ်မှုသည် စနစ်တကျစီစဉ်ပြီး သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။ တင်ကူးကြံရွယ်မှုလည်းဖြစ်သည်။ ပြင်းထန်ထိရောက်သည့် ပြစ်ဒဏ်ပေးသင့်သည်ဟု မှတ်ချက်ချခဲ့သည်။

စွပ်စွဲ

ဆွိုင်းသည် အခြားအမျိုးသမီးတစ်ဦးနှင့် ကြည်နူးဖွယ် နောက်ထပ်အချစ်ဇာတ်လမ်း ထူထောင်နိုင်ရန်နှင့် ပထမဇနီး၏ အမွေကိုဆက်ခံနိုင်ရန် တာယာကိုသတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်ဟု တရားလိုပြရှေ့နေများက လျှောက်လဲခဲ့သည်။ တရားခံဆွိုင်း၏ ရှေ့နေများကမူ တရားလိုပြသက်သေတို့၏ လျှောက်လဲချက်သည် အခြေအမြစ်မရှိ။ သက်သေခံ အထောက်အထား တစ်စုံတစ်ရာ မတွေ့ရဟု စွပ်စွဲပြောဆိုခဲ့သည်။

တရားရုံးတွင် နှစ်ဖက်ရှေ့နေများက အချေအတင် လျှောက်လဲခဲ့ကြသည်။

သက်သေခံ

ဆွိုင်းပထမအိမ်ထောင်နှင့် ရရှိခဲ့သည့်သမီးဖြစ်သူ ဂျန်ဆွိုင်းဘလုမ်းနှင့် သားဖြစ်သူ ဂျေရီမီဆွိုင်းတို့က သူတို့ဖခင်တွင် အပြစ်မရှိကြောင်း အမျိုးမျိုးသက်သေခံခဲ့ကြ၏။

သုံးသပ်

မည်သို့ပင်ဖြစ်စေ အဆိုပါလူသတ်မှုနှင့် ပတ်သက်၍ ဆွိုင်းနှင့် သက်ဆိုင်သည့် မျက်မြင်သက်သေတစ်ဦး တစ်ယောက်မျှ မရှိသကဲ့သို့ ဒီအင်န်အေခေါ် ဗီဇလက္ခဏာဓာတုပစ္စည်း စမ်းသပ်ချက်တွင်လည်း လူသတ်သည့် အထောက်အထားလည်း မတွေ့ရကြောင်း၊ ထိုအမှုမှန်သည် ကျွမ်းကျင်သူပါရဂူများ အပေါ်တွင် အဓိကမူတည်နေပြီဖြစ်ကြောင်း တရားလိုပြရှေ့နေများက ယူဆကြသည်။ ထို့ကြောင့် ပါရဂူများ၏ ထင်မြင်ချက်ကို ရယူရာတွင် ဆွိုင်းသည် သူ၏ဇနီးတာယာကို ရေအနက်ပေ၈၀ခန့်၌ နောက်ကျောမှနေ၍ နပန်းလုံးပြီး ရေငုပ်ကိရိယာ မျက်နှာဖုံးကြီးကို ဖြုတ်တောက်ပစ်ကာ အောက်ဆီဂျင်ဘူးကိုလည်း ဖျက်ဆီးပစ်ခဲ့ကြောင်း၊ သင်္ဘောပျက်အနီးတွင် ရေကူးကစားနေကြစဉ် ယင်းကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပါရဂူများက သုံးသပ်ကြသည်။

ပြုတ်တောက်နေ

တာယာ၏ရေငုပ်မျက်နှာဖုံး ပျက်စီးနေကြောင်း၊ သူမ၏ ရေအောက်အသက်ရှူပိုက် ပြုတ်တောက်နေကြောင်း၊ စကားပြောခွက်လည်း ပျောက်နေကြောင်း၊ တာယာ၏ ဆူးတောင်ပုံရေယက်လည်း သဲသောင်ပေါ်တွင် မြုပ်နေသည်ကို တွေ့ရကြောင်း၊ ရုန်းကန်လှုပ်ရှားနေသည့် လက္ခဏာများလည်း တွေ့ရကြောင်း တရားလိုပြ သက်သေအထောက်အထားများအရ သိရသည်။

မယုံကြည်

တာယာ၏ မိဘများကလည်း မိမိတို့သမီးသည် ရေငုပ်ကျွမ်းကျင်သူဖြစ်ကြောင်း၊ ရေငုပ်အတွေ့အကြုံများစွာရှိကြောင်း၊ သမီးဖြစ်သူတာယာသည် မတော်တဆ ရေနစ်သေဆုံးရသည်ဆိုသည်ကို မိမိတို့မယုံကြည်ကြောင်း၊ မိမိတို့သမီးတာယာ၏ ခင်ပွန်းဖြစ်သူ ဆွိုင်းသည် တာယာကိုသတ်သည်ဟု မသင်္ကာခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း ထွက်ဆိုသည်။

အမှုနှင့်ပတ်သက်၍ တာယာ၏မိဘများကို လျော်ကြေးပေးရန် တရားရုံးကဆုံးဖြတ်သော်လည်း တရားခံဆွိုင်းက ဒေဝါလီခံပြီး ဒဏ်ငွေကို မပေးဆောင်နိုင်ခဲ့ပေ။

ပြောကြား

ဆွိုင်းသည် သူ၏ဇနီးဖြစ်သူတာယာကို သတ်ခဲ့ကြောင်း၊ သူသည် ရိုဒ်အိုင်လင်ကျွန်းတွင် ကျောရိုးနှင့်လက်ပြင်အနေအထားပြင်ပေးသူ အနှိပ်သည်နှင့် ရည်ငံနေဖွယ်ရှိကြောင်း ရှေ့နေများက ပြောကြားသည်။

မိမိတို့အနေဖြင့် ဆွိုင်းသည် သူတို့ဇနီးမောင်နှံ သင်္ဘောပျက်အနီး ရေငုပ်ကစားနေစဉ် သူ့ဇနီးတာယာကို နောက်ကျောဘက်မှ ဖက်၍ လုံးထွေးပြီး သူမ၏ရေငုပ်ကိရိယာ မျက်နှာဖုံးကြီးကို ဖြုတ်တောက်ခဲ့သည်။ အောက်ဆီဂျင်ကိရိယာကြိုးကိုလည်း ဖြတ်တောက်ခဲ့သည်ဟု ယူဆရကြောင်း တရားလိုပြရှေ့နေများက လျှောက်လဲထွက်ဆိုခဲ့ကြပါ၏ဗျာ။

အမှုသွားအမှုလာကို ချင့်ချိန်ကြည့်ကြပါစို့လား…။ ။

ဆွေ ရေးသားသည်။

အန္တရာယ်ရောပြွမ်းသော မော်တော်ကားလမ်းများ

မောင်မောင်မြင့်ဆွေ စုစည်းသည်

ကမ္ဘာပေါ်တွင် သွားလာရေးခက်ခဲသော နေရာဒေသများသို့ ကားလမ်းများ ခက်ခက်ခဲခဲ ဖောက်လုပ်ထားလျက်ရှိရာ ကမ္ဘာပေါ်တွင် အန္တရာယ်အများဆုံး မော်တော်ကားလမ်းအချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-



တရုတ်နိုင်ငံမှ ဂေါင်းလန်းဥမင်လမ်း

တရုတ်နိုင်ငံ ဟူနန်ပြည်နယ် တေဟန်တောင်တန်း၌ ဥမင်များဖောက်ကာ ကားလမ်းဖောက်လုပ်ထားခြင်းဖြစ်သည်။ ၁၉၇၇ခုနှစ် မေ ၁ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကားလမ်းအရှည်မှာ မီတာ ၁၂၀၀ရှိသည်။ ၁၉၇၂ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ရာ ကားလမ်းဖောက်လုပ်မှု ငါးနှစ်ကြာမြင့်ခဲ့သည်။ ကျောက်တောင်ကမ်းပါးနှင့် ကျောက်တောင်များကို ဥမင်တူးကာ ခက်ခဲစွာ ဖောက်လုပ်ထားသည့်လမ်းဖြစ်သည်။ တေဟန်တောင်တန်းဝန်းကျင်ရှိ ကျေးရွာများ ခရီးသွားလာရေး လွယ်ကူချောမွေ့စေသည့် ကားလမ်းဖြစ်သည်။ သို့သော် ခရီးသည်နှင့် ကုန်တင်မော်တော်ယာဉ်များ မတော်တဆဖြစ်ပွားကာ တောင်အောက်သို့ထိုးကျမှုကြောင့် နှစ်စဉ်ခရီးသည်သေဆုံးမှု ၃၀၀ခန့် ရှိသည်။ ကမ္ဘာပေါ်တွင် ဒုတိယမြောက်အန္တရာယ်အများဆုံး မော်တော်ကားလမ်းဖြစ်သည်။ (အပေါ်ပုံ)

ဘိုလီးဗီးယားနိုင်ငံမှ The Death Road

ဘိုလီးဗီးယားနိုင်ငံ ယန်ဂတ်စ်ဒေသရှိ လာပက်ဇ်မြို့ အရှေ့မြောက်ဘက် ၃၅မိုင်ခန့်၌ ၁၉၃၀ ပြည့်နှစ်က ဖောက်လုပ်ထားသော တောင်ကမ်းပါးလမ်းဖြစ်သည်။ ယင်းလမ်းသည် လာပက်ဇ်မြို့နှင့် ကိုရိုကိုမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားပြီး ကားလမ်းအရှည်မှာ ၆၉ ကီလိုမီတာရှိသည်။ အလွန်မြင့်မား မတ်စောက်သော တောင်ကမ်းပါးယံတွင် ဖောက်လုပ်ထားသဖြင့် မော်တော်ယာဉ်များ ချောက်ကမ်းပါးအတွင်း မကြာခဏထိုးကျခဲ့သဖြင့် နှစ်စဉ်ခရီးသည် ၃၀၀ ကျော် သေဆုံးလျက်ရှိသည်။ ကမ္ဘာပေါ်တွင် အန္တရာယ်အများဆုံးလမ်းအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ **(ယာပုံ)**

နော်ဝေနိုင်ငံမှ တောင်ပတ်လမ်း

နော်ဝေနိုင်ငံ ရာယူမာမြို့အနီး တောင်တန်းများပေါ်၌ ဖောက်လုပ်ထားသော ကားလမ်းဖြစ်သည်။ ၁၉၃၆ခုနှစ် ဇူလိုင် ၃၁ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ကားလမ်း ဖောက်လုပ်မှုကာလမှာ ရှစ်နှစ်ကျော်ကြာမြင့်ခဲ့သည်။ ယင်းမော်တော်ကားလမ်းသည် အကွေ့အကောက်များပြီး အန္တရာယ်များသဖြင့် နှစ်စဉ်မေလမှ အောက်တိုဘာလအတွင်းသာ ဖြတ်သန်းမောင်းနှင်ခွင့်ပြုထားသည်။ သို့သော်ရာသီဥတုဆိုးရွားသည့် နေ့ရက်များတွင်လည်း လမ်းအသုံးပြုမှု ပိတ်ထားလေ့ရှိသည်။ ယင်းကားလမ်း၏ အချို့နေရာတွင် မီတာ၃၂၀ ကျော်နက်ရှိုင်းသော တောင်ကမ်းပါးလျှိုများရှိသည်။ နှစ်စဉ်ကားမတော်တဆမှုများ ဖြစ်ပွားသဖြင့် ခရီးသည်သေဆုံးမှုများသည့် ကားလမ်းဖြစ်ရာ ကမ္ဘာ့တတိယမြောက် အန္တရာယ်အများဆုံး ကားလမ်းလည်းဖြစ်သည်။ (အောက်ပုံ) (အင်တာနက်)

ကျီးသဲ အထက မြတ်ဆရာပူဇော်ပွဲ

ရွှေတောင် နိုဝင်ဘာ ၂၇

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျီးသဲအထကမှ အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား တပည့်ဟောင်းများက ဒီဇင်ဘာ ၂၆ရက်(စနေနေ့)တွင် သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ယင်းကျောင်းလေးထပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်၊ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဦးခင်မောင်ဝင်း(သုခအောင်) ဖုန်း-၀၁-၆၈၁၂၇၁၊ ဦးအေးမြင့်(ရန်ကုန်) ဖုန်း-၀၉-၅၀၀၁၆၄၄၊ ဦးမြင့်ဒိုး(ရန်ကုန်) ဖုန်း-၀၁-၆၅၀၀၅၁နှင့် ဦးဇော်လေး(ကျီးသဲ) ဖုန်း-၀၅၃-၄၀၂၈၆(လိုင်းခွဲ) ၂၀၂၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

ကျေးရွာချင်းဆက်လမ်းကျောက်ချောခင်း

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော သပွတ်ကျော ကျေးရွာနှင့် ကန်စွယ်ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြတ်သူတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ယာဉ်နှင့် လမ်းစည်းကမ်းလိုက်နာရေး ရွှေညောင်၌ ပညာပေးဟောပြော

ရွှေညောင် နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ယာဉ်စည်းကမ်း လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီ၏ဟောပြောပွဲကို နိုဝင်ဘာ ၂၁ရက် မွန်းလွဲ ၂နာရီက ရွှေညောင်မြို့ အမှတ်(၉) အစိုးရအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂)ဦးဇော်ကိုကိုဖေ **(အပေါ်ပုံ)**၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းဌာနမှ ဒုတိယရဲမှူးတင်စိုးရှိန်နှင့် ရဲအုပ်မြင့်အောင်တို့က လမ်းအသုံးပြုသူများ လိုက်နာရန် စည်းကမ်းချက်များ၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့် အချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို ဗီဒီယိုဆလိုက်ဖြင့် ပြောကြားပြသပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ လမ်းအသုံးပြုသူများလိုက်နာရန် လိုအပ်သောစည်းကမ်းချက်များနှင့် သတိပြုဆင်ခြင်ဖွယ်ရာ ယာဉ်ထိခိုက်တိမ်းမှောက်မှု ဓာတ်ပုံများကို ပြသသည်။

အခမ်းအနားသို့ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ အနေးယာဉ်လုပ်သားများ၊ ဂိတ်မှူးများနှင့် ပြည်သူများတက်ရောက်ကြသည်။ **(ပြည်နယ်/ ကညန)**

မြို့နယ် သတင်းများ

မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးဝင်းအတွင်း၌ မီးဘေးကြိုတင် ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြသမှုကို နိုဝင်ဘာ ၂၄ရက်က တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ရဲဗလမျိုးဝင်းဦးဆောင်၍ ဈေးအရာရှိများ၊ ဈေးတာဝန်ခံနှင့်ဝန်ထမ်းများ၊ ဈေးသာယာရေးအဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်စဉ်။ (၁၁၇)

ရွှေကူမြို့နယ်စည်ပင် ကျောက်စီလမ်းဆောင်ရွက်

ရွှေကူ နိုဝင်ဘာ ၂၃

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိရာ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဝင်းကျော်ကျော်ဦးဆောင်သော အလျားပေ ၃၆၅၀၊ အကျယ် ၁၂ပေရှိ ရွှေကူ-သိန်းဟွန်း ကျေးလက်မြေသားလမ်းကို ပြောင်းဖူးစေ့ကျောက်စီလမ်းအဖြစ် ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၃ရက်က အမှုဆောင်အရာရှိ ဦးခင်အောင်နီ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာချီလိတ်မြို့ ဘုရင့်နောင်ရပ်တု ရင်ပြင်ရှေ့ သာယာလှပရေး ဆောင်ရွက်ထားရှိမှုကို နိုဝင်ဘာ ၇ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် အင်ဂျင်နီယာမှူး ဦးစိုင်းလောဝ်ခမ်းတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်၌ မွန်ပြည်နယ်ရဲတပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်

မော်လမြိုင် နိုဝင်ဘာ ၂၅

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးကျင်းပသော မှုခင်းများဖော်ထုတ်၍ ဖမ်းဆီးပစ္စည်းများ အပ်နှံခဲ့သည့် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၂၆ဦးအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို မော်လမြိုင်မြို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၂ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ် ခေတ္တဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရွှေအေး၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှ ရဲမှူးမြင့်အောင်၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးအောင်မြင့်စိုး၊ မွန်ပြည်နယ်(၁၀)မြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မော်လမြိုင်မြို့နယ်ရှိ စခန်းမှူးများနှင့် ဆုရတပ်ဖွဲ့ဝင်၁၂၆ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ခေတ္တပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရွှေအေးက ဖမ်းဆီးအပ်နှံသည့် ပစ္စည်းများအပေါ် ဆုရရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ မွန်ပြည်နယ် (၁၀)မြို့နယ်၌ ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း ဖမ်းဆီးအပ်နှံသည့်အပေါ် အကောက်ခွန်ဦးစီးဌာနရုံးချုပ်မှ ချီးမြှင့်သည့် ဆုငွေကျပ် ၁၂၂သိန်းကို ခေတ္တပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရွှေအေးက ဦးဆောင်ပြီး ဆုရရှိသည့် တပ်ဖွဲ့ဝင်များအား ဆုကြေးငွေများ ခွဲဝေပေးအပ်သည်။ **(အပေါ်ပုံ) (၀၁၄)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ တမူး၌ကျင်းပ

တမူး နိုဝင်ဘာ ၂၄

စစ်ကိုင်းတိုင်း တမူးခရိုင် တမူးမြို့ စက်ရောင်ဘီလူးခန်းမ၌ နိုဝင်ဘာ ၁၆ရက် နံနက် ၉နာရီခွဲက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပရာ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းဆွေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်မြတ်မိုးနှင့် ဌာနဆိုင်ရာများ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဝင်များ၊ မော်တော်ယာဉ်လိုင်းများမှ တာဝန်ရှိသူများနှင့် ယာဉ်မောင်းများ တက်ရောက်ကြသည်။

ဆွေးနွေး

အခမ်းအနားတွင် တမူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်မြတ်မိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက ဒေသအုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များကို ဆွေးနွေးသည်။

ပညာပေး

ထို့နောက် ခရိုင်တရားသူကြီး ဦးသန်းအောင်က မော်တော်ယာဉ်ဆိုင်ရာ ဥပဒေပြစ်ဒဏ်များနှင့် ဆောင်ရန်၊ရှောင်ရန်အချက်အလက်များကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်အောင်က ယာဉ်တိုက်မှုဖြစ်ပွားခြင်းဆိုင်ရာ အရေးယူမှုများကိုလည်းကောင်း၊မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းဌေးနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး သရုပ်ပြ၍လည်းကောင်း ပညာပေးဟောပြောကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပန်း တ နော် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အိုးဘို-ချောင်းဖျားကြီး ကျေးလက် လမ်းကျောက်ချော ခင်းခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမြတ်သူ ဆောင် ရွက် မှု ကို အမှုဆောင်အရာရှိ ဦး အေး သိန်း နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမိုးကျော်တို့ နိုဝင်ဘာ ၂၀ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဆည်မြို့နယ် ဥက္ကဌဖလား ဘောလုံးပြိုင်

ကျောက်ဆည် နိုဝင်ဘာ ၂၁

ကျောက်ဆည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို နိုဝင်ဘာ ၁၆ ရက် ညနေ၃နာရီခွဲက ကျောက်ဆည်မြို့ ပြည်သူ့အားကစားကွင်း၌ ဖောင်ရွာရပ်ကွက် ဘောလုံးအသင်းနှင့် ရဲစုရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဖောင်ရွာရပ်ကွက် ဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။
(ခရိုင် ပြန်/ဆက်)

အမှတ်(၂၈) အခြေခံပညာမူလတန်းကျောင်း သာကေတမြို့နယ်၏ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ၂၂ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ထွတ်က ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ဒုတိယတန်းမှ ပထမဆုရ မနန်းစုလှိုင်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

2-12 (16).pmd 1 12/2/2009, 1:03 PM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သော မစ္စတာခရစ်စတော့ဖ်ဘာဂ်နာသည် ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ (ယာပုံ) စာမျက်နှာ ၃ ကော်လံ ၁ ❐

ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာအိုနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၄)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘွန်ညံဗိုရာချစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

သာယာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး